# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၇) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ပန်ဆောင်မြို့ပေါ်မှ နယ်စပ်အထိ (၁/၃) မိုင် ကတ္တရာခင်းခြင်း လုပ်ငန်းအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော Dragon Power Light ကုမ္ပဏီအား အရေးယူပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) တမူးမြို့နယ်၊ မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးအား ကုန်သွယ်မှုပမာဏ မြှင့်တင်ပေးနိုင်ရန် ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၈ | (ဂ) နိုင်ငံ့ဝန်ထမ်း ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများ အားလုံးအား နှစ်စဉ်ဝတ်စုံစရိတ် ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | (ဃ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ (RE) တွင် ထီးအုံစောက်ရွာအတွက် သင့်လျော်သော ကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | (င) လုပ်ငန်းခွင်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားနိုင်ရန် တက္ကသိုလ်ဝင် စာမေးပွဲရမှတ်များကို ကျား/မ တန်းတူသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၁၁ | (စ) လှိုင်သာယာမြို့နယ် လက်မှုလုပ်ငန်းပညာ သင်ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ်ရှိ၊မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တူးမြောင်း ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂၇ |
| ၁၃ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၁ |
| ၁၄ | ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နဲ့ပတ်သက်၍ ရောဂါကူးစက် ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စ်ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၃ |
| ၁၅ | ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသွားသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၆၂ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၇၀ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၃၇)ရက်မြောက်နေ့ အစီအစဉ်

# [ ၂–၈–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **ပန်ဆောင်မြို့ပေါ်မှ နယ်စပ်အထိ (၁/၃)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား သတ်မှတ် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော Dragon Power Light ကုမ္ပဏီအား အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်၊ မြန်မာ–အိန္ဒိယနယ်စပ် ကုန်သွယ်ရေးအား ကုန်သွယ်မှုပမာဏမြင့်တင်ပေးနိုင်ရန် ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအားလုံးအား နှစ်စဉ် ဝတ်စုံစရိတ် ချီးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ(RE) တွင် ထီးအုံစောက်ရွာ အတွက် သင့်လျော်သော ကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုချထား ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **လုပ်ငန်းခွင်တွင် အမျိုးသမီးများ သည် အမျိုးသားများနှင့် တန်းတူအသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားနိုင်ရန် တက္ကသိုလ်ဝင် စာမေးပွဲရလဒ်များကို ကျား/မ တန်းတူ သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ် လက်မှု လုပ်ငန်း ပညာသင်ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"တူးမြောင်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တူးမြောင်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ် တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်က တင်သွင်းသည့် **“ရာသီတုပ်ကွေး ရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့် ပတ်သက်၍ ရောဂါကူးစက် ပြန့်ပွားမှု မရှိစေရန်နှင့် အသေအပျောက် နည်းပါးရေး အတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို”** ကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း–

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူး မဲဆန္ဒနယ်၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၊

(ဃ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၊

(င) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(စ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(ဇ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

(ည) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(ဋ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၊

(ဌ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၊

(ဍ) ဒုတိယဗိုလ်မှူးကြီးစန်းသီတာခင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဎ) ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ၊ တပ်မတော်သားကိုယ်စားလှယ်၊

၉။ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၃၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၁၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌွေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းဌွေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန် ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁၃ ရက်၊

(၂) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၃) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၄) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁၃ ရက်၊

(၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၂ ရက်၊

(၆) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၇) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၈) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၉) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ပေါ်ခင် ခွင့် ၂ ရက်၊

(၁၀) အမ်းမဲဆန္ဒနယ်မှ ဒေါက်အေးမောင် ခွင့် ၁ ရက်၊

(၁၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၃ ရက်၊

(၁၂) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၃ ရက်၊

(၁၃) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၁၄) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၅) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၃ ရက်၊

(၁၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စောဖ ခွင့် ၃ ရက်၊

(၁၈) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၃ ရက်၊

(၁၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂၀) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ရှားမီး ခွင့် ၂ ရက်နှင့်

(၂၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့

ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပန်ဆောင်မြို့ပေါ်မှ နယ်စပ်အထိ (၁/၃)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော Dragon Power Light ကုမ္ပဏီအား အရေးယူပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က ဒုတိယအကြိမ် အိန္ဒိယနိုင်ငံအထောက်အပံ့နှင့်ဆောင်ရွက်ခဲ့တဲ့ ပန်ဆောင်မြို့တွင်းလမ်း ကတ္တရာခင်းခြင်းနဲ့ စပ်လျဉ်းပြီး မေးခွန်းမေးမြန်းမယ့် နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ မြို့တွင်းလမ်းဟာ မြို့အဝင်ဆိုင်းဘုတ်ကနေဆိုလို့ရှိရင် နယ်စပ်အထိ သုံးမိုင်အကွာအဝေးရှိပါတယ်။ မြို့တွင်းကနေ နယ်စပ်အထိ ၁ မိုင် ၃ ဖာလုံကို Dragon Power Light ကုမ္ပဏီက ပြည်ထောင်စုအဆင့် တင်ဒါ တိုက်ရိုက်အောင်မြင်ပြီး တာဝန်ယူဆောင်ရွက်ထားရတာဖြစ်ပြီးတော့ နောက်ပိုင်းမှ ၁

မိုင်ထပ်တိုးပြီး စုစုပေါင်း ၂ မိုင်နဲ့ ၃ ဖာလုံတာဝန်ယူရတာဖြစ်ကြောင်း မြို့နယ်က ပြောပြလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်အထိ အဲဒီလမ်းဟာ ကျောက်တွေပုံစီထားပေမဲ့လို့ ကတ္တရာခင်းနိုင်ခြင်းမရှိသေးပါဘူး။ ကုမ္ပဏီအနေနဲ့ ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းမရှိလို့ ဒေသခံတစ်ဦးကို အကူအညီတောင်းပြီး တာဝန်ယူကြီးကြပ်ဆောင်ရွက်စေခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကုမ္ပဏီအနေနဲ့ တာဝန်ယူကြီးကြပ်လုပ်ဆောင်တဲ့သူကို ပစ္စည်းနဲ့ငွေကြေးအလုံအလောက် ပံ့ပိုးပေးခြင်းမရှိတဲ့အတွက် ဒီနေ့ ဒီအချိန်အထိ ကြန့်ကြာနေရခြင်းဖြစ်ပါတယ်။ တကယ်တော့ တင်ဒါအောင်တဲ့နောက် လုပ်ငန်းစတင်ဖို့ ခဏရောက်လာပြီး ပြန်ခေါက်သွားတာဖြစ်ပါတယ်။ ဖုန်းနဲ့ဆက်သွယ်လို့ တော်တော်လည်း အခက်အခဲဖြစ်ပါတယ်။ ဖုန်းဝင်ရင်တောင်မှ မကိုင်ပေးဘူးလို့ လုပ်ငန်းလုပ်ကိုင်တဲ့သူက ပြောပါတယ်။ ဆက်သွယ်ဖြစ်သော်လည်း ငွေဘယ်လိုလွှဲလိုက်မယ်။ ကတ္တရာဘယ်လိုပို့လိုက်မယ်။ ဘယ်လိုပို့လိုက်ပြီ။ ရှင်ဗွေယန်၊ တနိုင်းမှာလာကြိုဖို့ပြောပြီး တကယ်တမ်းကျတော့လည်း မဆောင်ရွက်ပေးဘူးလို့ ပြောပါတယ်။ ဆိုတော့ကား မြေပြင်မှာ အလုပ်လုပ်တဲ့သူတွေအတွက် အင်မတန်မှ အခက်အခဲကြုံနေရတာဖြစ်ပါတယ်။

မြို့နယ်အဆင့်ကလည်း ဒီ ပြည်ထောင်စုအဆင့်က တိုက်ရိုက်ရတဲ့ ကုမ္ပဏီဖြစ်တဲ့အတွက် ကြောင့်မို့လို့ မပြောနိုင်တဲ့အခြေအနေမှာရှိတယ်လို့ ရှိတယ်လို့ သုံးသပ်ရပါတယ်။ ဒါက ကျွန်တော်တို့ မြို့ရဲ့ မြို့နယ်မှာဖြစ်တဲ့ အခြေအနေတွေဖြစ်ပါတယ်။ အမှန်တကယ်ဆိုလို့ရှိရင်တော့ ဒီဝန်ကြီးဌာနအနေနဲ့လည်း ကုမ္ပဏီတွေကို သေသေချာချာကြပ်မတ်ဆောင်ရွက်ဖို့ သင့်ပါတယ်။ မြို့နယ်အဆင့်ကလည်း ပြတ်ပြတ်သားသားဘာမှမလုပ်နိုင်။ ဒေသအဖွဲ့ကလည်း မသိ။ ခရိုင်ကိုလုပ်ငန်းအခြေအနေ မေးမြန်းတော့လည်းပဲ ဟိုမရောက်၊ ဒီမရောက်နဲ့ ထိထိရောက်ရောက်ဘာမှဖြစ်မလာတာ ဒီနေ့ မေးခွန်းမေးမြန်းတဲ့အချိန်အထိဖြစ်ပါတယ်။ အခု လွှတ်တော်ကိုမေးမြန်းတော့မှပဲ ကုမ္ပဏီကလည်း ဒီလုပ်ငန်းကို အရမ်းကြီးကြိုးစားပြီးတော့ လုပ်ဆောင်နေသလို ပြီးခဲ့တဲ့လကပဲ ငွေလွှဲပေးမယ်ဆိုလို့ ပန်ဆောင်ကနေ တနိုင်းအထိ တစ်ခါပြန်ဆင်းလာရပါတယ်။ ဒါပေမဲ့ ငွေရဖို့ ၁၀ ရက်လောက်အချိန်ပေးပြီးစောင့်မှ ငွေလွှဲပေးကြောင်း ဒီရက်ပိုင်းမှာတွေ့ရပါတယ်။ ဒီလိုကိုယ်ကျိုးအတွက်ပဲကြည့်ပြီးတော့ ဒေသအပေါ်မှာ စေတနာမထားတဲ့ကုမ္ပဏီတွေကို အရေးယူဆောင်ရွက်ပေးဖို့ရန်အတွက် တင်ပြရခြင်းဖြစ်ပါတယ်။ အခုလို အကြောင်းအမျိုးမျိုးပြပြီးတော့ လက်တစ်လုံးကြားမှာလုပ်နေတဲ့ နိုင်ငံတော်ရဲ့ဘဏ္ဍာ အလေအလွင့်ဖြစ်စေပြီး အရည်အသွေးပြည့်မီမှုမရှိတဲ့အခါမှာ နိုင်ငံတော်အတွက်ရော လူထုအတွက်ပါ

နစ်နာမှုတွေအများကြီးဖြစ်စေမှာဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်အထိ လုပ်ငန်းအချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ Dragon Power Light ကုမ္ပဏီကို အရေးယူပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှရဲ့ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယအထောက်အပံ့ဖြင့် ပန်ဆောင်မြို့ပေါ်မှ နယ်စပ်အထိ ၁/၃ မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိသော Dragon Power Light ကုမ္ပဏီအား အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်းပြီးတော့ အိန္ဒိယနိုင်ငံရဲ့အထောက်အပံ့ဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခြင်းမဟုတ်ပါဘူး။ နှစ်ဖက်ညှိနှိုင်းပြီးတော့ လုပ်ငန်းတွေကို ပိုမိုအဆင်ပြေစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးရည်ရွယ်ပြီးတော့ ပထမအကြိမ်၊ ဒုတိယအကြိမ် စသည်ဖြင့် MoU မှာ ထည့်သွင်းဖော်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဆိုလိုတာကတော့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့လုပ်ငန်းတွေကို ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ခြင်းမဟုတ်ဘဲ အကြိမ်အရေအတွက်အရ သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးခွန်းမေးမြန်းချက်ပါ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ်မှ နှစ်နိုင်ငံနယ်စပ်အထိ ၂ မိုင် ၃ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းမှာ အိန္ဒိယနိုင်ငံရဲ့ ဒုတိယအကြိမ် အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းကို ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ တင်ဒါခေါ်ယူခဲ့ပါတယ်။ တင်ဒါအောင်မြင်တာ

ကတော့ Dragon Power Light ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီးတော့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး လုပ်ငန်းတွေအကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းနှင့် စပ်လျဉ်းတော့ ကျွန်တော်တို့ တာဝန်ရှိသူတွေကို မြေပြင်ကွင်းဆင်းစိစစ်ချက်အရ ကျောက်လမ်းခင်းခြင်း ၁ မိုင် ၃ ဖာလုံမှာ ကတ္တရာ ၁ ဖာလုံဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ဆောင်ရွက်ရန်ကျန်တဲ့ ကျောက်လမ်း ၁ မိုင်နဲ့ ကတ္တရာခင်းခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းလုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နှောင့်နှေးကြန့်ကြာနေရခြင်းမှာ ကုမ္ပဏီအနေနဲ့ တစ်ဖက်နိုင်ငံကနေ ကတ္တရာဝယ်ယူရာမှာအခက်အခဲရှိတာရယ်၊ မြစ်ကြီးနားမှဝယ်ယူမည်ဆိုပါကလည်း တနိုင်း-ရှင်ဗွေယန်-နန်းယွန်းလမ်းကြောင်းမှာ နယ်မြေလုံခြုံရေးအခြေအနေအရ သယ်ယူရန် မလွယ်ကူခြင်းတို့ကြောင့် ကြန့်ကြာနေရခြင်းဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ တင်ဒါအောင်တဲ့ Dragon Power Light ကုမ္ပဏီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ ဝန်ကြီးဌာနက ခေါ်ယူတွေ့ဆုံပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လကုန်မှာ ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနဲ့ လုပ်ငန်းများပြီးစီးရေးအတွက်လည်း ဝန်ကြီးဌာနက စနစ်တကျကြပ်မတ်တွန်းအားပေးဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အကယ်၍ သတ်မှတ်ရက်အတွင်း ပြီးစီးအောင်နိုင်ခြင်းမရှိပါဘူးဆိုရင် အဆိုပါကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံစာချုပ်ပျက်ပြယ်စေခြင်း၊ Blacklist စာရင်းသတ်မှတ်ခြင်း၊ နောင်ဆောင်ရွက်မည့် တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ခွင့်ပြုမည် မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တမူးမြို့နယ်၊ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးအား ကုန်သွယ်မှုပမာဏမြှင့်တင်ပေးနိုင်ရန် ကုန်သွယ်ရေးဇုန်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာ-အိန္ဒိယ နယ်စပ် တမူးကုန်သွယ်ရေးစခန်းအား ကုန်သွယ်မှုပမာဏမြှင့်တင်ပေးနိုင်ရန် ကုန်သွယ်ရေးဇုန်

အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိသိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းဆက်စပ်နီးကပ်စွာတည်ရှိနေတဲ့ နယ်စပ်မြို့တစ်မြို့ဖြစ်တာကြောင့် နိုင်ငံတော်အတွက် စီးပွားရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်စပ်ဒေသကုန်သွယ်ရေးအရ အရေးပါတဲ့အနေအထားမှာတည်ရှိနေပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၈.၂ သန်းထိ တိုးတက်ဆောင်ရွက်လာနိုင်တာကိုတွေ့ရပါတယ်။ ပို့ကုန်တွေအဖြစ် ကွမ်းသီး၊ ဆေးလိပ်၊ အုန်းသီး၊ ပန်းသီး၊ ဖိနပ်အစရှိသည်တို့ကို အဓိကထားတင်ပို့ပါတယ်။ မြန်မာနိုင်ငံ ဘက်မှ တားမြစ်ကုန်စည်များကလွဲလို့ အားလုံးခွင့်ပြုထားပြီး အိန္ဒိယနိုင်ငံမှ ကုန်စည် ၆၂ မျိုးအား ခွင့်ပြုထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးရဲ့ ၂၇-၈-၂၀၁၆ ရက်နေ့ အိန္ဒိယနိုင်ငံသို့ခရီးစဉ်မှာ တမူးနယ်စယ်ဒေသနဲ့ပတ်သက်နေတဲ့ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး တမူး-ကျီကုန်း-ကလေးဝ လမ်းပိုင်းများရှိ တံတားများနှင့်ချဉ်းကပ်လမ်းများ တည်ဆောက်ရေး၊ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ ကလေးဝ-ရာကြီးလမ်းပိုင်းတည်ဆောက်ရေး အဆင့်မြှင့်တင်ခြင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွေနဲ့အညီ နယ်စပ်ဒေသ၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလုံးစုံဖော်ဆောင်ရာမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နှစ်ဘက်သဘောတူညီနိုင်ခဲ့ခြင်းစတဲ့အကျိုးကျေးဇူးတွေကို ရရှိထားပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၆-၁၀-၂၀၁၆ ရက်နေ့ အိန္ဒိယနိုင်ငံခရီးစဉ်မှာလည်း နှစ်နိုင်ငံကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေကို ပိုပြီးအရှိန်မြှင့်တင်အကောင်အထည်ဖော်နိုင်မယ့် နည်းလမ်းတွေအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ တမူး-စစ်တောင်း-ပင်လယ်ဘူး-ထီးချိုင့်-မံစီ-နမ့်ခမ်း-မူဆယ် မဟာဗျူဟာလမ်းမကြီး MAR 22 လမ်းမကြီးဟာလည်း တည်ဆောက်သွားဖို့ Future Plan အနေနဲ့ရှိနေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအခြေခံကောင်းတွေရှိနေတဲ့ အကြီးမားဆုံးဈေးကွက်ကြီးကိုရရှိထားတဲ့ ကျွန်တော်တို့နယ်စပ်ဒေသကုန်သွယ်ရေးမှာ လက်ရှိရောင်းဝယ်နေကြတဲ့ ကုန်သည်များကတော့ ကျွန်တော်တင်ပြမယ့်အတိုင်း ရောင်းဝယ်နေကြပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကုန်ပစ္စည်းတွေသိုလှောင်ဖို့ တစ်ဘက်နိုင်ငံနဲ့ခြေတစ်လှမ်းသာဝေးကွာတဲ့နေရာမှာ မိမိ

ကိုယ်တိုင်ဂိုဒေါင်ကို ဆောက်ရတယ်။ မိမိဘာသာလမ်းခင်းရတယ်။ လျှပ်စစ်မီး၊ ရေရရှိရေး၊ လုံခြုံရေးတွေအတွက် မိမိဘာသာစီစဉ်ဆောင်ရွက်နေရတဲ့အခြေအနေပါ။ ဂိုဒေါင်စုစုပေါင်း ၅၃ လုံးရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ဂိုဒေါင်တွေရဲ့ အခြေအနေပါ။ နိုင်ငံတော်အတွက် တစ်နှစ်ကိုအခွန်ငွေဒေါ်လာ သန်းဆယ်ချီပေးဆောင်နေပေမယ့် ရောင်းဝယ်ဖောက်ကားနေရတဲ့ ကုန်သွယ်ရေးအခြေအနေကတော့ ခုနကကျွန်တော်တင်ပြခဲ့တဲ့အတိုင်း မြေပြင်မှာအဲ့အတိုင်းပဲ ရှိနေပါတယ်။ ကျွန်တော်တို့ ဒီကုန်သွယ်ရေးဇုန်တည်ဆောက်ဖို့ မြေနေရာလည်းရှိပါတယ်။ ဧက ၆၀။ အခုကျွန်တော်တင်ပြထားတဲ့ Power Point မှာ လျာထားပြီးဖြစ်ပါတယ်။ ကုန်သွယ်ရေးဇုန်ကိုဆောက်လုပ်နိုင်မယ်ဆိုရင် ဂိုဒေါင်တွေ၊ ကုန်စည်ဒိုင်တွေ၊ အရောင်းပြခန်းတွေနဲ့ လုံခြုံမှုတွေအပြင် ဈေးကွက်အသာစီးရရှိလာမှာဖြစ်လို့ နယ်စပ်ကုန်သွယ်ရေးပမာဏကိုလည်း မြင့်တက်လာစေမှာဖြစ်ပါတယ်။ ဒါကတော့ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ တမူး-ဖောင်းပြင်-ပင်လယ်ဘူး-ထီးချိုင့်-နမ့်ခမ်း-မူဆယ်။ နောင် Future Plan အနေနဲ့တည်ဆောက်မယ့် မဟာဗျူဟာလမ်းမကြီးဖြစ်ပါတယ်။ ၅၅၈ ကီလိုမီတာပဲရှိပါတယ်။ လက်ရှိ တမူးကနေ မန္တလေး-လားရှိုး-မူဆယ်ကိုသွားမယ်ဆိုရင် ၁၀၃၃ ကီလိုမီတာဝေးပါတယ်။ ကျွန်တော်တို့က ကီလိုမီတာ ၅၀၀ လောက်သက်သာပြီးမှ အိန္ဒိယနဲ့တရုတ်ပြည်ကိုချိတ်ဆက်ပေးမယ့် ဗျူဟာလမ်းမကြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒီလိုအခြေခံကောင်းတွေရှိနေတဲ့ ကျွန်တော်တို့နယ်စပ်ဒေသမှာ အိန္ဒိယနိုင်ငံအနေနဲ့ ၎င်းတို့ရဲ့သတင်းနဲ့နည်းပညာဆိုင်ရာ စက်မှုထုတ်ကုန်တွေကိုလည်း ကျွန်တော်တို့နဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ဦးတည်ကြိုးပမ်းနေပါတယ်။ သို့ဖြစ်ပါ၍ အခွင့်အလမ်းကောင်းများကို အချိန်ကိုက်အသုံးချနိုင်ရန် တမူးမြို့နယ်၊ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးအား ကုန်သွယ်မှုပမာဏမြှင့်တင်ပေးနိုင်ရန် ကုန်သွယ်ရေးဇုန်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်ရေးဇုန်များကိုထူထောင်ရာမှာ မိမိနိုင်ငံဘက်မှ ဈေးကွက်ဖြစ်ပေါ်စေရေး၊ မိမိနိုင်ငံထွက်ကုန်ပစ္စည်းများကို ကြိုက်နှစ်သက်သည့်ဈေးဖြင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ မိမိနိုင်ငံထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်(Value Added) ပြုပြင်ရေးတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုတိုးတက်ရရှိစေရေး၊ နယ်စပ်ဒေသန္တရ ကုန်သွယ်ရေး(Border area local trade)မှ နှစ်နိုင်ငံပုံမှန်ကုန်သွယ်ရေး(Normal Bilateral Trade)သို့ စနစ်တကျကူးပြောင်းနိုင်ရေးစတဲ့ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ကုန်သွယ်ရေးဇုန်နှစ်ခုကို ထူထောင်ထားရှိရာမှာ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကို မြေဧရိယာ ၃၇၀.၈၃ ဧကဖြင့်လည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်ကို မြေဧရိယာ ၄၆၆ ဧကဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ကုန်သွယ်မှုတစ်ခုလုံးရဲ့ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၇.၇၇ ဘီလီယံရှိခဲ့ပြီး မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှာ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၅.၄ ဘီလီယံရှိခဲ့တဲ့အတွက် နယ်စပ်ကုန်သွယ်မှုရဲ့ ၇၀ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်နိုင်ခဲ့တာကိုတွေ့ရပြီး မြဝတီကုန်သွယ်ရေးဇုန်မှာ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၀.၉၃ ဘီလီယံဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နယ်စပ်ကုန်သွယ်မှုရဲ့ ၁၂ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့သလို တမူးကုန်သွယ်ရေးစခန်းကို တမူးမြို့ဈေးတန်းရပ်ကွက်တွင် မြေဧရိယာ ၁၆.၀၉ ဧကအပေါ်မှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုအခြေအနေမှာ နှစ်စဉ်အမေရိကန် ဒေါ်လာ ၄၅ သန်းခန့်သာရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ကုန်သွယ်မှုတစ်ခုလုံးရဲ့ ၀.၆ ရာခိုင်နှုန်းကိုသာ ဆောင်ရွက်နိုင်သေးကြောင်း တွေ့ရှိရပါတယ်။ တမူးမြို့ရဲ့ မြို့ပြစီမံကိန်း(Town Plan)အရ မဟူရာလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာရှိ ကံကြီးဝတံတားအနီးတွင် အနာဂတ်မှာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကိုအခြေပြုတဲ့ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မြေဧရိယာ ၆၀ ဧကခန့်ကို စီမံသတ်မှတ်ထားရှိကြောင်းကိုလည်း သိရှိရပါတယ်။

**မူကြမ်း**

သို့သော်လည်းပဲ တမူးမြို့မှာ ကုန်သွယ်ရေးဇုန်ကိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာဘက်ခြမ်းရှိ ကလေး၀-ကျီကုန်း-တမူးကားလမ်းကို ယခုထက်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အိန္ဒိယဘက်ခြမ်းရှိ တမူးခရိုင်နှင့်ထိစပ်လျက်ရှိသော မဏိပူရ်ပြည်နယ်၊ မိုရေးမြို့နယ်အတွင်း လက်ရှိအချိန်အနေတွင် တည်ငြိမ်မှုမရှိသဖြင့် လုံခြုံရေးပိုမို ကောင်းမွန်သည့်အချိန်မှသာလျှင် ကုန်သွယ်ရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောထားပေးပို့ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးဒေသတွင် နယ်စပ်ကုန်သွယ်မှုဇုန်ထူထောင်နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ဖွံ့ဖြိုးခြင်း၊ နယ်မြေဒေသအေးချမ်းလုံခြုံခြင်း၊ လမ်း၊ တံတားကောင်းမွန်ခြင်း၊ လက်ရှိမူဆယ်နှင့်မြ၀တီကုန်သွယ်ရေးဇုန်များကဲ့သို့ ကုန်သွယ်မှုအလားအလာတိုးမြင့်လာရန် လိုအပ်ခြင်းစတဲ့ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရမှာဖြစ်ပြီး ကုန်သွယ်ရေးဇုန်ထူထောင်နိုင်ရေးအတွက် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းသဘောတူညီခြင်း၊ အပြန်အလှန်နယ်စပ်ဖြတ်ကျော်သွားလာ ကူးသန်းရောင်း၀ယ်ရန် ပြည်၀င်ခွင့်ဗီဇာအစီအမံများပြုလုပ်ခြင်းနှင့် ငွေပေးချေမှုပြုလုပ်ရန် နှစ်နိုင်ငံဘဏ်များအချိတ်အဆက်ထူထောင်ခြင်းစတဲ့လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်တွင် ကုန်သွယ်ရေးဇုန်တစ်ရပ်ထူထောင်ရန် အခြေခံလိုအပ်ချက်များ ပြည့်စုံမှုမရှိသေးခြင်း၊ ကုန်သွယ်မှုအလားအလာနည်းပါးနေသေးခြင်းတို့ကြောင့် ကုန်သွယ်ရေးဇုန်တစ်ရပ် အကောင်အထည်ဖော်ရန်ကိစ္စကို စီးပွားရေးနှင့်ကူးသန်းရောင်း၀ယ်ရေး၀န်ကြီးဌာနအနေဖြင့် လောလောဆယ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ စီးပွားရေးနှင့်ကူးသန်းရောင်း၀ယ်ရေး၀န်ကြီးဌာန ဒုတိယ၀န်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နိုင်ငံ့၀န်ထမ်းဆရာဆရာမများနှင့် ပညာရေး၀န်ထမ်းများအားလုံးအား နှစ်စဉ်၀တ်စုံစရိတ်ချီးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု၀န်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး

မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသော ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများအား နှစ်စဉ်ဝတ်စုံစရိတ်ချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေ ၂၀၁၃ ရဲ့ ပုဒ်မ ၁၁ တွင် ဝန်ထမ်းသည် အောက်ပါအခြေခံအခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်ဟုပါရှိပါတယ်။ အထက်ပါဥပဒေပုဒ်မ ၁၁ အပိုဒ်ခွဲ(ဂ)တွင် လုပ်အား၊ အတတ် ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့်လျော်ညီသည့်ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်ခံစားခွင့်ဟု ပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေတွင် တာဝန်ထမ်းဆောင်ခွင့်နှင့် လျော်ညီသည်ဟုပါရှိသဖြင့် တာဝန်ထမ်းဆောင်မှုနှင့်လျော်ညီသော ဝတ်စုံများကို ဆရာဆရာမများ ဆင်မြန်းရပါတယ်။ သို့အတွက်ကြောင့် ပုဒ်မ ၁၁ အပိုဒ်ခွဲ(ဂ)တွင် ပြဋ္ဌာန်းထားသော တာဝန်ထမ်းဆောင်မှုနှင့်လျော်ညီသည့် ထောက်ပံ့ကြေး နှင့် အခြားစရိတ်ခံစားခွင့်ဖြင့် ဝတ်စုံစရိတ်များကို ထုတ်ပေးမည်ဆိုလျှင် အကျိုးဝင်နိုင်သည်ဟု ယူဆမိပါသည်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့အစိုးရအနေဖြင့်လည်း မိမိတို့၏ဝန်ထမ်းများကို ဂရုတစိုက်စောင့်ရှောက်ပေးရမည့်တာဝန်ရှိသည်ကို နားလည်ပါကြောင်း၊ မိမိတို့ဝန်ထမ်းများ သင့်လျော်မျှတသည့်လုပ်ခရရှိရေး၊ ကောင်းမွန်သည့် အထွေထွေခံစားခွင့်များ ရရှိခံစားနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့၌ MICC-2 မှာ ကျင်းပတဲ့ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာစီမံချက်ထုတ်ပြန်ချက်ကြေညာသည့်အခမ်းအနားတွင် စေတနာအပြည့်ဖြင့် ပြောကြားခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းကင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်က မေလ ၂၅ ရက်နေ့တွင် နိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လစာတိုးပေးရန် အစီအစဉ်မရှိကြောင်းနှင့် အခြားပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ထို့အတူ ၃၀ ရက်နေ့တွင် ဒေါ်ယဉ်မင်းလှိုင်၏ သူနာပြုလောကမြင့်တင်ရေးအဆိုကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်နှစ်လျှင် သူနာပြုများအား ဝတ်စုံစရိတ်ကျပ်နှစ်သောင်းနှင့် လစာစရိတ်ချီးမြှင့်သွားရန် Cabinet အတည်ပြုချက် ရယူမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံဆရာဆရာမများဟာ လုံခြည်စိမ်းနှင့် အင်္ကျီဖြူကို ဝတ်လာခဲ့သည်မှာ ကျွန်တော်တို့ ငယ်ငယ်မှစ၍ ယနေ့ဆိုရင် နှစ်ပေါင်း ၆၀ ခန့်ရှိခဲ့ပါပြီ။ ပညာရေးဝန်ကြီးဌာနအနေဖြင့် လုံးဝ ဝတ်စုံစရိတ်ထုတ်ပေးခဲ့ခြင်းမရှိပါဘူး။ ပညာရေးဝန်ကြီးဌာန၊ လုံခြုံရေးဝန်ထမ်းများ၊ နယ်မြေဝန်ထမ်းများကိုသာ ဝတ်စုံစရိတ်ထုတ်ပေးခဲ့ပါသည်။ ယနေ့အခါတွင် မူလတန်းကျောင်းသားများကို နိုင်ငံတော်က ဝတ်စုံများထောက်ပံ့နေပါပြီ။ ဆရာဆရာမများဟာ မြန်မာ့လူ့အဖွဲ့အစည်းတွင် အနန္တော အနန္တ ဂိုဏ်းဝင်များဖြစ်ရုံသာမက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက သတ်မှတ်ထားသော မြင့်မြတ်သောအသက်မွေးဝမ်းကျောင်းမှုကိုပြုနေတဲ့ Nobel Professional ဆရာဆရာမများပဲဖြစ်ပါတယ်။ ထိုသို့မြန်မာများကစံထားရာ ဆရာဆရာမများ၏လူနေမှုဘဝများသည် လုံးဝမနိမ့်ကျသင့်ပါ။ အငတ်ပြည်သူများ၊ အငတ်ဒဏ်ခံနိုင်သူများ ပီတိကိုစားအားရှိ စတဲ့လက်တွေ့ဘဝနဲ့ ကင်းကွာသော ဖြေသိမ့်မှုများကိုခံနေရပြီး အနိမ့်ကျဆုံးလူနေမှုဘဝကို ဖြတ်သန်းနေသူများလုံးဝမဖြစ်သင့်ပါ။ တပည့်များ၏ အားကျရာ၊ စံပြုရာ၊ အတုခိုးရာ လူတန်းစားတွင်ပါဝင်နေသော ဆရာဆရာမများသည် တပည့်များလောက် အရောင်မပေါ်သည့်ဝတ်စုံများဖြင့် ကျောင်းသို့ ကျောင်းတတ်လာမည်ဆိုလျှင် ဆရာဆရာမများ၏ မြင့်မြတ်သည့်အလုပ်ကို ဘယ်တပည့်မှ အားကျလိမ့်မည်မဟုတ်ပါ။ ဒါဆိုရင် အနာဂတ်မှာ ဆရာဆရာမမျိုးဆက် ရှားပါးမှုနှင့် အရင်ဆုံးကြုံတွေ့ရပါမယ်။ အဲဒီလိုဆိုလျှင် လူ့စွမ်းအားအရင်းအမြစ် ချွတ်ခြုံချမှုကို မြန်မာနိုင်ငံအနေနဲ့လည်း ရင်ဆိုင်နိုင်ရဖွယ်ရှိပါသည်။ သို့ပါ၍ နိုင်ငံတော်ဘတ်ဂျက်အခြေအနေအရ ဆရာဆရာမများအတွက် စားဝတ်နေရေး၊ အခြားကောင်းမွန်သော အထွေထွေစရိတ် မဖော်ဆောင်သေးမည့်ကာလအတွင်း အလုပ်ဂုဏ်သိက္ခာကို ဖော်ညွှန်းသည့် ဆရာဆရာမများရဲ့ အဝတ်အစားမြင့်တင်နိုင်စေရန်အတွက် နှစ်စဉ်ဝတ်စုံစရိတ်ဖြည့်ဆည်းပေးရေး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏စေတနာကို အကောင်အထည်ဖော်လို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ⊞ဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်

ဦးဝင်းမော်ထွန်းက မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာမောင်သင်း၏မေးခွန်းဖြစ်သော နိုင်ငံ့ဝန်ထမ်းဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများအားလုံးဟာ နှစ်စဉ်ဝတ်စုံစရိတ်ချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ထားသော သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ ဝတ်စုံစရိတ် ၀၃-၁၂ ခေါင်းစဉ်အောက်မှာ နှစ်စဉ်ထည့်သွင်းလျာထားလျက်ရှိပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ဆရာဆရာမများအတွက်ဆိုတာထက် ရုံးအကူ၊ စာပို့ဝန်ထမ်း၊ ရုံးလုလင်များရဲ့အသုံးအဆောင်အဖြစ် အဝတ်အထည်၊ ထီး၊ မိုးကာ စသည်တို့အပါအဝင် တစ်ယောက်ကို နှစ်သောင်းနှုန်း သတ်မှတ်ခံစားခွင့်ပြုရန် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာတော့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်း လမ်းညွှန်ထားတာရှိပါတယ်။ ဆရာဆရာမဝန်ထမ်းများကို သင့်တင့်သောထောက်ပံ့မှုဆောင်ရွက်ပေးရန် ညွှန်ကြားချက်ရှိပါတယ်။ ရှိသည့်အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအောက်မှာ ဦးစီးဌာနအဖွဲ့အစည်းပေါင်း ၁၂ ခု ရှိပါတယ်။ ဒီ ၁၂ ခုအနက် သင်ကြားရေးဆရာဆရာမများရှိတဲ့ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ဒီဦးစီးဌာန သုံးခုအတွင်းမှာရှိတဲ့ သင်ကြားရေးဆရာဆရာမများအတွက်ကိုပါ ကျွန်တော်တို့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီဦးစီးဌာနအတွင်းရှိ ဆရာဆရာမများအနေနဲ့ စုစုပေါင်း ၃၉၆၄၄၅ ဦး ရှိပါတယ်။ ယခုနှစ်အတွက် တစ်ဦးလျှင် ဝတ်စုံတစ်စုံ ငွေကျပ် ၁၀၀၀၀ နှုန်းနဲ့ ထောက်ပံ့ရန်အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၃.၉၆၄ ဘီလီယံသုံးစွဲခွင့်ပြုပါရန်နှင့် ဒီဝတ်စုံများထုတ်လုပ်ခြင်းအတွက် စက်မှုဝန်ကြီးဌာနတွင် အပ်နှံ၍ ပူးပေါင်းဆောင်ရွက်ခွင့်ပြုပါရန် နိုင်ငံတော်သမ္မတရုံးသို့ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ တင်ပြခဲ့ပြီးတဲ့ကိစ္စအပေါ်မှာ နိုင်ငံတော်သမ္မတရုံးမှလည်း ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှာ စီးပွားရေးကော်မတီသို့ ဆက်လက်တင်ပြရန် ညွှန်ကြားခဲ့ပါတယ်။ စီးပွားရေးကော်မတီမှလည်း ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှာ အထက်တင်ပြခဲ့တဲ့ဝတ်စုံစရိတ်ကိစ္စနှင့်ပတ်သက်ပြီး ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးရဲ့ ခွင့်ပြုချက်ရယူတင်ပြဆောင်ရွက်ရန် ညွှန်ကြားပြီးဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ တင်ပြပါဦးစီးဌာန

သုံးခုရှိ သင်ကြားရေးဝန်ထမ်းဆရာဆရာမများအတွက် ဝတ်စုံစရိတ်ထောက်ပံ့ရန်ကိစ္စကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ရယူခဲ့ပါတယ်။ ခွင့်ပြုမိန့်ရရှိပြီးလျှင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆရာဆရာမများ၏ ဝတ်စုံစရိတ်ကိစ္စအတွက် ယခုဘဏ္ဍာရေးနှစ်တွင်လည်း ဆောင်ရွက်ပြီးဖြစ်သလို နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း ဘဏ္ဍာငွေလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါခင်ဗျား။ အသေးစိတ်ရှင်းလင်းဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးချင်တာကတော့ အခုလက်ရှိမှာလည်းပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလည်းရှိနေပါတယ်။ သူနာပြုတွေအတွက်ကျတော့ တစ်နှစ်ကို ကျပ်နှစ်သောင်းနဲ့ စားစရိတ်ဆိုတာကို ထောက်ပံ့ဖို့ စီစဉ်နေပါတယ်။ ကျွန်တော်တို့ပညာရေးဆရာဆရာမတွေအတွက်ကျတော့ တစ်သောင်းပဲဆိုတာ မနည်းနေဘူးလားလို့။ ထို့အတွက် ထပ်မံတိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိ ဆက်လက်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်ငွေများလျာထားရာမှာ နိုင်ငံတော်ကသတ်မှတ်ထားတဲ့ ရငွေသုံးငွေလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ယခုဆောင်ရွက်ပေးနေတဲ့ တစ်သောင်းမှ နှစ်သောင်းသို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရငွေသုံးငွေဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပါမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ(RE) တွင် ထီးအုံစောက်ရွာအတွက် သင့်လျော်သော ကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ရှေးဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ် ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာအုပ်စု ထီးအုံစောက်ကျေးရွာတွင် လိုအပ်လျက်ရှိတဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ(RE)တွင်လည်းကောင်း သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း သင့်လျော်သောကျောင်းဆောင်တစ်ဆောင် ခွင့်ပြုချထားပေးရန်ရှိ/မရှိ မေးမြန်း သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာအုပ်စု ထီးအုံစောက်ကျေးရွာဟာ အိမ်ခြေ ၂၀၂ အိမ်ရှိပြီး၊ လူဦးရေ ၁၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ ဆီဆိုင်မြို့နယ် အရှေ့မြောက်ဘက် အစွန်ဆုံး ပေ ၆၀၀၀ ကျော်မြင့်မားသော မဲနယ်တောင်တန်းပေါ်တွင် တည်ရှိပြီးတော့ သွားရေးလာရေးလွန်စွာခက်ခဲသော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ၎င်းကျေးရွာမှာ ၁၉၇၈ ခုနှစ်က စတင်ပြီးတော့ ကိုယ်ထူကိုယ်ထမူလတန်းကျောင်း စတင်ဖွင့်လှစ်ခဲ့ပြီးတော့ အလျားပေ ၅၀ ရှိ မြေမြှုပ်တဲ့သစ်သားတိုင် ပြင်ခင်းပြင်ကာကျောင်းဆောင်အား ပြည်သူလူထုမှ ၁၉၈၁ ခုနှစ်တွင် ငွေကျပ် ၇ သိန်းခန့် အကုန်ကျခံ ဆောက်လုပ်ခဲ့ပါတယ်။ ယခုအခါ နှစ်ပေါင်းကြာလာတာနှင့်အမျှ မိုးများသောတောင်ပေါ်ဒေသဖြစ်၍ တိုင်များဆွေးမြည့်လာခြင်း၊ ကျောင်းသူကျောင်းသားများ တစ်နှစ်ထက်တစ်နှစ် များပြားလာခြင်းတို့ကြောင့် ကျပ်တည်းစွာ ပညာသင်ကြားနေကြရပါတယ်။ ၎င်း ထီးအုံစောက်ကျေးရွာသည် မြင့်မားတဲ့တောင်ပေါ်ဖြစ်သည့်အားလျော်စွာ ကျောင်းဆောင်တစ်ဆောင် မြေနေရာရရှိဖို့အတွက် ခက်ခဲစွာနဲ့ ငွေကုန်ကြေးကျများစွာ ရင်းနှီးကြိုးစားလုပ်ကိုင်ကြရပါတယ်။ မူလကျောင်းဆောင်အား ကျေးရွာ၏အလယ်တွင်ရှိသော်လည်း လက်ရှိပေ ၅၀ ခန့် ကျောင်းတစ်ဆောင် အတွက်သာ မြေနေရာရှိသဖြင့် တိုးတက်များပြားလာသော ကျောင်းသူကျောင်းသားများ အဆင်ပြေစေရန်အတွက် ဒေသခံပြည်သူများအနေနဲ့ ကျောင်းဆောင်သစ်အတွက်နဲ့ ပိုမိုကျယ်ဝန်းသော ကျောင်းမြေနေရာကို ၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်ထားရှိခဲ့ကြပြီး အမှန်လိုအပ်နေသော ကျောင်းဆောင်သစ်

ရရှိရန် အဆိုပြုတင်ပြခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်လျာထားခြင်းမရှိသဖြင့် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနသို့ တင်ပြပေးပါရန် မိမိထံစာဖြင့် ဆန္ဒပြုပြောကြားလာပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျွန်တော့်မဲဆန္ဒနယ်၌ ပေ ၆၀ x ၃၀ ကျောင်းဆောင်ရှစ်ဆောင် ခွင့်ပြုလျာထားကြောင်းလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အခက်အခဲများစွာရှိပြီး ဝေးလံမြင့်မားတဲ့ တောင်ပေါ်ဒေသ ထီးအုံစောက်ကျေးရွာတွင် ကျောင်းဆောင်သစ်တစ်ဆောင် အမှန်လိုအပ်လျက်ရှိပါသဖြင့် သက်ဆိုင်ရာပြည်ထောင်စုအစိုးရဝန်ကြီးဌာနသို့ မေးမြန်းလိုသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေ(RE)တွင်လည်းကောင်း သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း သင့်လျော်သောကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်သန်းထူးရဲ့ မေးခွန်းဖြစ်သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ (RE) တွင် ထီးအုံစောက်ကျေးရွာအတွက် သင့်လျော်သော ကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေအနေနဲ့ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း ၂၀၁.၆ သိန်းခွဲဝေရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ တင်ပြပါဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာအုပ်စု၊ ထီးအုံစောက်ကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ပေ ၆၀ x ပေ ၃၀ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်သာရှိပြီး နှစ်ကာလကြာမြင့်မှုကြောင့် ပျက်စီးသောအပိုင်းများရှိပါတယ်။ ဒီပျက်စီးသောအပိုင်းများကို ပြန်လည်ပြုပြင်ပြီး ခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သင်ကြားရေးအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ထားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မူလရန်ပုံငွေလျာထားခွင့်ပြုချက်မှာ ထီးအုံစောက်ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် ရန်ပုံငွေခွင့်ပြုချက်မပါရှိသေးတဲ့အတွက် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ ဖြည့်စွက်ရန်ပုံငွေ (RE)တွင်တင်ပြတောင်းခံ၍ မရနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားချက်များဆောင်ရွက်နေချိန်မှာ အဆိုပါကျောင်းရှိလက်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ကျောင်းဆောင်အသစ်တစ်ဆောင်ဆောက်လုပ်နိုင်ရေးအတွက် လိုအပ်သောရန်ပုံငွေများကို ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**လုပ်ငန်းခွင်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရန် တက္ကသိုလ်ဝင် စာမေးပွဲရမှတ်များကို ကျား/မ တန်းတူသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) လုပ်ငန်းခွင်တွင် အမျိုးသားနှင့်တန်းတူစွမ်းဆောင်နိုင်သော အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရန် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ်များတွင် ကျား/မတန်းတူသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (၂) မူဝါဒချမှတ်ပြီး အစီအစဉ်ရှိနေပြီဆိုပါက မည်သို့စီမံဆောင်ရွက်ထားပါသနည်း။ (၃) အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်းတို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကို တင်ပြလိုပါတယ်။ ယနေ့မြန်မာနိုင်ငံဟာ စနစ်သစ်နဲ့ တိုင်းပြည်ကို ပြန်လည်တည်ဆောက်နေချိန်ဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လူ့စွမ်းအားအရင်းအမြစ်အရေးပါပုံကို ညွှန်ပြချက်အရ တိုင်းပြည်အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ဖို့၊ လူမှန်နေရာမှန်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို ထိထိရောက်ရောက်၊ မှန်မှန်ကန်ကန်အသုံးချနိုင်ဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီဖော်ပြချက်အရ မြန်မာနိုင်ငံမှာ အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် ပိုများနေကြောင်း

တွေ့နိုင်တာဖြစ်ပါတယ်။ ဒီဖော်ပြချက်ကတော့ လုပ်သားအင်အားမှာ အမျိုးသမီးလုပ်သားများပြား လျက်ရှိကြောင်းကို တွေ့နိုင်ပါတယ်။ ဒါကတော့ လက်ရှိမြန်မာ့အမျိုးသမီးများရဲ့စွမ်းဆောင်နိုင်မှု အခန်းကဏ္ဍပဲ ဖြစ်ပါတယ်။ ယခုအခါ မြန်မာ့အမျိုးသမီးများအနေနဲ့ နိုင်ငံတော်နှင့် ပြည်သူကို အကြံ ပေးနိုင်သူ၊ ဆုံးဖြတ်ချက်ချနိုင်သူ၊ စီမံခန့်ခွဲနိုင်သူတို့အထိ စွမ်းဆောင်နိုင်ကြောင်း မြင်သာနေပြီဖြစ်ပါ တယ်။ ဒ့ါအပြင် ပထမအကြိမ်ထက် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် နှစ်ဆခွဲခန့်ပိုမို ပါဝင်လာတာတွေ့နိုင်ပါတယ်။ အခုလိုမျိုး အမျိုးသမီးများပါဝင်တဲ့ ဆောင်ရွက်မှုတွေအရ တိုင်းပြည်ရဲ့ဖြစ်စဉ်ကို ကြည့်မယ်ဆိုရင်လည်း စိန်ခေါ်မှုများတဲ့ တိုင်းပြည်ဖြစ် နေလို့သာ တိုးတက်ပြောင်းလဲမှုတွေ ထင်ထင်ရှားရှားမတွေ့နိုင်ပေမဲ့ ပြောင်းလဲမှုတွေ၊ တိုးတက်မှု တွေနဲ့အတူ အထိုက်အလျောက် ရှေ့ကိုတိုးနေတယ်ဆိုတာ ငြင်းမရတဲ့အချက်ပဲဖြစ်ပါတယ်။ ဒါကတော့ လက်ရှိကျင့်သုံးနေတဲ့ အလုပ်ခန့်ထားမှု ကန့်သတ်ရေးဥပဒေဖြစ်ပြီး အလုပ်ခန့်ထားရာမှာ ကျား/မ ခွဲခြားမှုမရှိတာကိုလည်း တွေ့နိုင်ပါတယ်။ ဒါကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များဖြစ်ပြီး မြန်မာနိုင်ငံမှာ အမျိုးသားနှင့် အမျိုးသမီးကို ဥပဒေအရ ခွဲခြားထားခြင်းမရှိကြောင်း ဖော်ပြထားချက်ဖြစ်ပါတယ်။ ဒါကတော့ အမျိုးသမီးများ ခွဲခြားမှုအမျိုးမျိုး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ်အား မြန်မာနိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးထားတဲ့အပေါ် အစီရင်ခံထားချက် ဖြစ်ပါတယ်။ ဒီဖော်ပြချက်ကတော့ နှစ်အလိုက် တက္ကသိုလ်များရဲ့ ကျား/မအမှတ်စာရင်း ခွဲခြားထားမှု ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အထက်ပါဖော်ပြချက်များကို သုံးသပ်ပါက မြန်မာနိုင်ငံမှာ တည်ဆဲဥပဒေများအရ အမျိုးသားနှင့် အမျိုးသမီး မည်သို့မျှခွဲခြားထားခြင်းမရှိကြောင်းနှင့် အမျိုးသမီး များရဲ့စွမ်းဆောင်ချက်များကို တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့ မြန်မာ့ဓလေ့ထုံးတမ်းအရ၊ ယဉ်ကျေးမှုအရ တော့ အမျိုးသားများက ပိုစွမ်းဆောင်နိုင်သလို ဖြစ်နေပါတယ်။ ဒီလိုပိုစွမ်းဆောင်နိုင်ပါတယ်ဆိုတဲ့ အမျိုးသားတွေကို တက္ကသိုလ်ဝင်တန်းအမှတ်အချို့မှာ ခွဲခြားထားပြီး အမျိုးသမီးများမှာ အမှတ်မြင့် နေဆဲဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးများအနေနဲ့ မိမိဝါသနာပါတဲ့၊ မိမိစိတ်ဝင်စားတဲ့ ဘာသာရပ် ကို သင်ကြားခွင့်မရလိုက်ရလို့ နာကျင်ခံစားရတာ ကြုံတွေ့ရသလို၊ စိတ်ပါဝင်စားသူကသာ ထူးချွန် နိုင်သူဖြစ်ပါတယ်။ ထိုအခွင့်အလမ်းကို မရလိုက်တဲ့အခြေအနေကြောင့် တိုင်းပြည်လည်း နစ်နာတယ် လို့ ဆိုနိုင်ပါတယ်။ ဒါကို ဥပမာအနေနဲ့ယှဉ်ဖော်ပြရရင် ပြေးပွဲတစ်ခုမှာ ပိုစွမ်းဆောင်နိုင်ပါတယ်ဆိုတဲ့ အမျိုးသားတွေကို အမျိုးသမီးတွေရဲ့ရှေ့က အကျောပေးပြီး ပြေးခိုင်းနေတာနဲ့တူပါတယ်။ ဒါကြောင့်

တည်ဆဲဥပဒေများ၊ CEDAW စာချုပ်တို့နှင့် ကွဲလွဲနေတဲ့ မြန်မာနိုင်ငံရဲ့ပညာရေးကဏ္ဍက တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရလဒ်များတွင် ခွဲခြားထားမှုအချို့ရှိနေသေးတာကြောင့် အထက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်နှင်းသစ်၏ မေးခွန်းဖြစ်သော လုပ်ငန်းခွင်တွင် အမျိုးသားများနှင့်တန်းတူစွမ်းဆောင်နိုင်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရန် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်များတွင် ကျား/မတန်းတူ သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရာတွင် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ နှစ်စဉ်ထုတ်ပြန်ထားသော တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်အပိုင်း(က) အခန်း(၅) အပိုဒ် ၁၈ မှာ အောက်ပါအစီအစဉ်များ ဖော်ပြထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ (က) လျှောက်ထားသူ၏ သင်တန်းရွေးချယ်မှုကတ်ပြားကို အမှတ်အနည်းအများအလိုက် စဉ်ထားသည်။ (ခ) အမှတ်အများဆုံးရသည့် လျှောက်ထားသူ၏ ကတ်ပြားမှစ၍ အမှန်အနည်းအများအလိုက် ကတ်ပြားတစ်ခုချင်းကို စိစစ်သည်။ (ဂ) သင်တန်းရွေးချယ်မှုကတ်ပြားတွင် ဖော်ပြသည့်အတိုင်း ဦးစားပေးအစီအစဉ်ကို စိစစ်သည်။ (ဃ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အလိုက်၊ အထူးပြုဘာသာရပ်အလိုက် လက်ခံရန်သတ်မှတ်ထားသည့် သတ်မှတ်ဦးရေအတိုင်း ဝင်ခွင့်ပြုပါမည် လို့ပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်မှာရှိတဲ့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်များမှာ အမျိုးသား၊ အမျိုးသမီးဦးရေလိုအပ်ချက်ကို အမျိုးသားဦးရေ ၅၀ ရာခိုင်နှုန်း၊ အမျိုးသမီးဦးရေ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့သလို နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များမှာ တက္ကသိုလ်ဝင်တန်းအောင် အနိမ့်ဆုံးရမှတ်သတ်မှတ်

ချက်အား အမျိုးသား၊ အမျိုးသမီးခွဲခြားသတ်မှတ်ခြင်းမရှိဘဲ လက်ခံနိုင်တဲ့ဦးရေအရသာ ကျား/မ အမှတ်တန်းတူ ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရစက်မှုလက်မှုသိပ္ပံများ တက်ရောက်ရေးအတွက် ဝင်ခွင့်လျှောက်လွှာများခေါ်ယူရာမှာ ကျား/မခွဲခြားသတ်မှတ်ခေါ်ယူခြင်း မရှိဘဲနဲ့ ပညာရပ်အခြေခံဖြစ်သည့် သင်္ချာနှင့် အင်္ဂလိပ်စာ နှစ်ဘာသာစုစုပေါင်းရမှတ်အရသာ ရွေးချယ်ခြင်း ဖြစ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးကောလိပ်များအနေနဲ့ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်း (DTEd) နှစ်နှစ်သင်တန်းကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လျှောက်ထားသူများ၏ တက္ကသိုလ်ဝင်ခွင့်ရမှတ်ကြီးစဉ်အရသာ လက်ခံခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလို တက္ကသိုလ်ဝင် စာမေးပွဲရမှတ်ကြီးစဉ်အရ ရွေးချယ်ရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပညာရေးကောလိပ်များ၏ ဝင်ဆံ့အင်အားအရ ရွေးချယ်ခြင်း၊ ဘာသာရပ်အတွဲအလိုက် လျှောက်ထားသူအင်အားအပေါ် စိစစ်၍ အချိုးကျရွေးချယ်ခြင်း၊ နှစ်စဉ်ပညာရေးကောလိပ် တက်ရောက်ရန် လျှောက်ထားသူအင်အားတွင် သင်တန်းသူ အမျိုးသမီးအင်အားသည် ပိုမိုများပြားတဲ့အတွက် မ အင်အားသည် ပိုမိုဖြစ်နေတာဖြစ်ပါကြောင်းနှင့် အချို့တိုင်းဒေသကြီး/ပြည်နယ်များမှာ ဘာသာတွဲအလိုက် ရွေးချယ်ရမည့်အင်အား ပြည့်မီအောင် လျှောက်ထားနိုင်မှုမရှိခြင်းကြောင့် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်များကို ကျား/မတန်းတူ သတ်မှတ်၍ မရနိုင်ခဲ့ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်မှုနှင့်စပ်လျဉ်းပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက မိမိ၏အမှတ်ပေါင်း မည်မျှရရှိသည်ဖြစ်စေ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ တင်ပြပါသတ်မှတ်ချက်များအတိုင်း မည်သည့်တက္ကသိုလ်မဆို လျှောက်ထားခွင့်ရှိပါတယ်။ ထိုသို့လျှောက်ထားရာမှာ မိမိနှင့်သင့်လျော်သည့် တက္ကသိုလ်များကို သေချာစဉ်းစားဆုံးဖြတ်ပြီး ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်စွက်ဆောင်ရွက်ရပါတယ်။ မိမိဦးစားပေးလျှောက်ထားသည့် တက္ကသိုလ်သို့ ဝင်ခွင့်ရခြင်း/မရခြင်းသည် လျှောက်ထားသူနှင့်မဆိုင်ဘဲ လျှောက်ထားသူများ၏ရမှတ်အရသာ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က စိစစ်ရွေးချယ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ဟာ လျှောက်ထားလာတဲ့ လျှောက်လွှာတွေကို တက္ကသိုလ်ဝင်စာမေးပွဲရမှတ် အနည်းအများစီပြီး အမှတ်များသူသည် ၎င်းဦးစားပေးရွေးချယ်တဲ့ တက္ကသိုလ်ကို တက်ရောက်ခွင့်ရရှိမှာဖြစ်ပါတယ်။ ထိုနည်းတူစွာ တက္ကသိုလ်က လက်ခံနိုင်သော ကျောင်းသားဦးရေအထိ အမှတ်များရာမှ နည်းရာသို့ စိစစ်ရွေးချယ်သွားချိန်မှာ လက်ခံနိုင်သည့်ဦးရေ ပြည့်မီသွားပါက ၎င်းနေရာမှာ ဝင်ခွင့်ပြုမည့်အရေအတွက်သည် ပြီးဆုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်

မိမိတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အမှတ်မည်မျှပင်ရရှိစေကာမူ မိမိ၏ဦးစားပေးလျှောက်ထားမှု၊ ဦးစားပေးလျှောက်ထားသည့်တက္ကသိုလ်များ၏လက်ခံနိုင်တဲ့ဦးရေ သတ်မှတ်မှု၊ အမှတ်များရာမှ နည်းရာသို့ အစဉ်လိုက် စိစစ်ရွေးချယ်ဝင်ခွင့်ပြုခြင်းဖြစ်တဲ့အတွက် တက္ကသိုလ်တစ်ခုချင်းစီသို့ ဝင်ရောက်ခွင့် ရရှိရမှတ်များကို ပုံသေသတ်မှတ်ထားခြင်းမရှိဘဲ ထိုသို့ ဝင်ခွင့်အမှတ် များခြင်း၊ နည်းခြင်းတို့ကို လျှောက်ထားသူအပေါ်မူတည်ပြီး ကြိုတင်မှန်းဆ၍မရပါကြောင်း တင်ပြ အပ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်ကို ဆက်လက်တင်ပြ ပါမယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်မှာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီး ဌာနအောက်မှာ ဖော်ပြပါ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (က) ဆေးတက္ကသိုလ် ငါးခု၊ (ခ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှစ်ခု၊ (ဂ) ဆေးဝါးတက္ကသိုလ်နှစ်ခု၊ (ဃ) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များနှစ်ခု၊ (င) သူနာပြု တက္ကသိုလ်များ နှစ်ခု၊ (စ) အခြေခံကျန်းမာရေးတက္ကသိုလ်တစ်ခုတို့ဖြစ်ပါတယ်။

၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်များသို့ အမျိုးသား ၅၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၀ ရာခိုင်နှုန်း အချိုးတူညီစွာဖြင့်လည်းကောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ အမျိုးသား ၆၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ သူနာပြုတက္ကသိုလ်များသို့ အမျိုးသား ၁၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၉၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အခြေခံကျန်းမာရေးတက္ကသိုလ်များသို့ အမျိုးသား ၈၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၂၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း ဝင်ခွင့်ပြုခဲ့ပြီး ဆေးဝါး တက္ကသိုလ်များနှင့် ဆေးဝါးဆိုင်ရာနည်းပညာတက္ကသိုလ်များသို့ အမျိုးသား၊ အမျိုးသမီး အချိုးခွဲခြား ခြင်းမရှိဘဲ ဝင်ခွင့်ပြုခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေးတက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရာတွင် အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ တန်းတူလျှောက်ထားခွင့်ရှိပြီး အခြားဆေးဘက် ဆိုင်ရာ နှီးနွယ်တက္ကသိုလ်များကဲ့သို့ ဝင်ခွင့်လျှောက်ထားသူများနှင့် ရမှတ်အနည်းအများအလိုက် လက်ခံနိုင်တဲ့ဦးရေအတိုင်းအတာ ရွေးချယ်ခဲ့ပြီး လက်ခံနိုင်တဲ့ကျောင်းသားအရေအတွက်ပြည့်ချိန်မှာ အမျိုးသမီးများရဲ့ရမှတ်က မြင့်တက်လာခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆေးပညာနှင့် နှီးနွယ် ပညာရပ်များဟာ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်ပြီး နိုင်ငံတော်၏လိုအပ်ချက်နှင့် ပညာရပ် များ၏ သဘောသဘာဝ၊ ကျောင်းသူကျောင်းသားများ၏မူလအရည်အချင်း၊ ကြိုးစားအားထုတ်မှု အပေါ်မူတည်ပြီး ရွေးချယ်ဝင်ရောက်ခွင့်ပြုခြင်းဖြစ်တဲ့အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး နောက် ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ ဝင်ခွင့်သတ်မှတ်ရာမှာ သက်ဆိုင်ရာ

တက္ကသိုလ်အလိုက် အမျိုးသား၊ အမျိုးသမီး အချိုးသတ်မှတ်ထားခြင်းအား လတ်တလောမှာ ပြင်ဆင်ရန်အစီအစဉ် မရှိသေးပါကြောင်းတင်ပြအပ်ပါတယ်။ နောင်အခါမှာ ပြဋ္ဌာန်းပြီးဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေ၊ တက္ကသိုလ်အသီးသီး၏ တက္ကသိုလ်ပဋိညာဉ် စာတမ်းများ ဆောင်ရွက်ပြီးချိန်မှာတော့ အမျိုးသား၊ အမျိုးသမီး အချိုးသတ်မှတ်ချက်ကို ပြန်လည် စိစစ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုရှင်။ အခုလိုမျိုးဖြေကြားပေးသွားတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို လည်း အများကြီး ကျေးဇူးတင်ပါတယ်။ ဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာပါတာကကျတော့ ဒီအထူးပြု ဘာသာတွဲအလိုက် လက်ခံရမယ့် ဦးရေမှာ ကျား ၅ဝ ရာခိုင်နှုန်း၊ မ ၅ဝ ရာခိုင်နှုန်း ဖြစ်ကြောင်း ဖော်ပြ ထားပါတယ်။ အဲဒီမှာက အဲဒီလိုမျိုးဖော်ပြချက်ကိုက အမှတ်အလိုက်လည်းမဟုတ်ဘူး။ ကြိုးစား အားထုတ်မှုအလိုက်လည်း မဟုတ်ဘဲနဲ့ ဒီနေရာမှာ ကျား ၅ဝ ရာခိုင်နှုန်း၊ မ ၅ဝ ရခိုင်နှုန်း သတ်မှတ် ခြင်းကိုက ကျားနှင့် မနဲ့ကို ခွဲခြားလိုက်ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလိုခွဲခြားလိုက်ခြင်းတွေက တည်ဆဲ ဥပဒေအရတွေပဲပြောပြော၊ နိုင်ငံတကာစာချုပ်တွေအရပဲပြောပြော အဲဒီတော့ ဒီဥစ္စာဆိုရင် ကျားနှင့် မနဲ့ကို မရှိတဲ့ဥပဒေတွေအပေါ်မှာ ဝန်ကြီးဌာနအနေနဲ့ လွဲမှားစွာဆောင်ရွက်ချက်ဖြစ်တယ်လို့ ထောက်ပြလိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲဖို့၊ ပညာရေးအစီအစဉ်တွေက ပြုပြင် ပြောင်းလဲဖို့ရှိတယ်ဆိုတာတွေက အချိန်ဘယ်လောက်အတွင်းမှာ ဒါတွေကို ပြုပြင်ပြောင်းလဲဖို့ အစီအစဉ်ရှိပါသလဲဆိုလို့ တစ်ဆက်တစ်စပ်တည်း ထပ်မံမေးခွင့်ပြုပါရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို ပြန်လည်တင်ပြအပ်ပါမယ်။ ကျား ၅ဝ ရာခိုင်နှုန်း၊ မ ၅ဝ ရာခိုင်နှုန်းသည် ကျား/မ တန်းတူ အခွင့်အရေးရှိတဲ့အနေနဲ့ သတ်မှတ်သလို ရာနှုန်းသတ်မှတ်ဖော်ပြခြင်းဟာလည်း လုပ်ငန်းခွင်ရဲ့ သဘာဝ၊ နိုင်ငံတော်ရဲ့လူ့စွမ်းအားအရင်းအမြစ်စီမံကိန်းနဲ့အညီ သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ အခုနကလို ကျားတို့၊ မတို့ သီးခြားဖော်ပြသတ်မှတ်ရန် လိုခြင်း/မလိုခြင်း ကို ကျွန်တော်အခုနက တင်ပြတဲ့အတိုင်းပဲ အမျိုးသားပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေ၊

တက္ကသိုလ်ပဋိညာဉ်စာတမ်းများ၊ တက္ကသိုလ်ပညာရေးအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**လှိုင်သာယာမြို့နယ် လက်မှုလုပ်ငန်းပညာသင်ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ်ရှိမရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်မှာ လက်မှုလုပ်ငန်းပညာသင်ကျောင်းကို ပြန်လည်ဖွင့်လှစ်ပေးပြီး ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဘာသာရပ်များ သင်ကြားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ လှိုင်သာယာမြို့နယ် လက်မှုလုပ်ငန်းပညာသင်ကျောင်းကို ၁၉၉၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ဘာသာရပ်လေးမျိုးဖြင့် သင်ကြားပေးခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက လှိုင်သာယာလက်မှုလုပ်ငန်းပညာသင်ကျောင်းအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ လက်မှုလုပ်ငန်းပညာသင်ကျောင်း ရှစ်ကျောင်းကို ပိတ်သိမ်းခဲ့ပါတယ်။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်မှာ စက်မှုဇုန် ၁၂ ခုရှိပြီး စက်ရုံအလုပ်ရုံပေါင်း ၈၀၀ ကျော်ရှိပါတယ်။ အခြေခံအလုပ်သမားလူတန်းစား အများစုနေထိုင်တဲ့မြို့နယ်ဖြစ်ပါတယ်။ စက်ရုံလုပ်သားများ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနိုင်ရန်အတွက် လက်မှုလုပ်ငန်းအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများဟာ ကျွန်တော်တို့နိုင်ငံမှာ အများအပြား လိုအပ်လျက်ရှိပါတယ်။ ပြည်သူများ၊ လုပ်သားများ အလုပ်အကိုင်ရရှိရေးအတွက် လုပ်ငန်းခွင်အတွင်း အထောက်အကူဖြစ်စေမည့် ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဘာသာရပ်များကို သင်ကြားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်မှာ အလုပ်သမားများ အလုပ်အကိုင်ရရှိရေးအတွက် အထည်ချုပ်စက်ရုံတွေမှာ အလုပ်အကိုင်ရရှိနိုင်ရန်အတွက် အထည်ချုပ်စက်ရုံတွေမှာအသုံးပြုတဲ့ မော်တာဖြင့်ချုပ်တဲ့ အပ်ချုပ်စက်သင်တန်း ၎င်းစက်ချုပ်မော်တာတွေကို ပြုပြင်တဲ့သင်တန်းများ အမှန်တကယ်လိုအပ်လျက်ရှိပါတယ်။ ပရိဘောဂစက်ရုံများမှာလည်း ပရိဘောဂများကို စက်များဖြင့်ပြုလုပ်တဲ့အတွက် ပရိဘောဂ

ပြုလုပ်တဲ့ လက်သမားသင်တန်းများလည်း အမှန်တကယ်လိုအပ်လျက်ရှိပါတယ်။ ထိုနည်းတူစွာပဲ ပန်းရန်သင်တန်း၊ သံချည်သံကွေးသင်တန်း၊ ဂဟေစက်သင်တန်း စသည့်အသက်မွေးဝမ်းကျောင်းပညာများကို အမှန်တကယ်သင်ကြားပေးနိုင်မည့် လက်မှုလုပ်ငန်းအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများကို အမှန်တကယ်လိုအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်မှုလုပ်ငန်းအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်သင်ကြားပေးပြီး ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဘာသာရပ်များကို သင်ကြားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ လက်မှုလုပ်ငန်းအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်သင်ကြားပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားပေးပြီး ဒေသနှင့်ကိုက်ညီသည့် မည်သည့်အသက်မွေးဝမ်းကျောင်းဘာသာရပ်များဖြင့် သင်ကြားပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကလည်း အဘယ်ကြောင့်မဆောင်ရွက်နိုင်သည်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်သော ဦးဝင်းမင်းရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် လက်မှုလုပ်ငန်းပညာသင်ကျောင်းအား ပြန်လည်ဖွင့်လှစ်သင်ကြားရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် စတင်ဖွင့်လှစ်ပညာသင်ကြားပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေအရ မြန်မာနိုင်ငံမှာ အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် နည်းပညာနှင့် သက်မွေးပညာရေးများကို ဆောင်ရွက်မည်ဖြစ်ကြောင်း အတိအလင်း ပြဋ္ဌာန်းပြီး

ဖြစ်ပါတယ်။ ဖြစ်တဲ့အတွက်လည်း ပြီးခဲ့တဲ့ ၂၀၁၅ ကာလကစပြီး နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နည်းပညာနှင့်သက်မွေးပညာဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ယခင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့တဲ့ နက်မောက်စက်မှုလက်မှုအထက်တန်းကျောင်းကို စင်္ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း(SMVTI) အဖြစ်လည်းကောင်း၊ ယခင် အောင်ဆန်းစက်မှုအထက်တန်းကျောင်းနေရာမှာ ရတနာဂဟေစက်နည်းပညာသင်တန်းအနေနဲ့လည်းကောင်း ၊ ရွာမမှာနည်းပညာအထက်တန်းကျောင်းအနေနဲ့လည်းကောင်း၊ မကြာခင်ကမှ ကျွန်တော်တို့ပြန်လည်လွှဲပြောင်းရရှိတဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကိုလည်း ယခုပညာသင်နှစ်အတွင်းမှာ ဆောင်ရွက်နိုင်ရန်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ လှိုင်သာယာမြို့နယ်နဲ့အနီးပတ်ဝန်းကျင်ဖြစ်တဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)တွင် ပုံမှန် AGTI (၃)နှစ်သင်တန်းများနှင့် ဒေသနှင့်လိုအပ်ချက်ကိုက်ညီတဲ့ ကာလတိုသင်တန်းများကိုလည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)မှာ ပုံမှန်နည်းပညာအထက်တန်းကျောင်း (၂)နှစ်သင်တန်းများအပြင် ဒေသရဲ့လိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးပညာသင်တန်းများကိုလည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာနဲ့ပူးပေါင်းပြီး အခြေခံစက်ချုပ်သင်တန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်မှာရှိတဲ့ လက်မှုလုပ်ငန်းပညာသင်ကျောင်းကို ပြန်လည်ဖွင့်လှစ်ဖို့လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လျာထားပြီးဖြစ်ပါကြောင်းနှင့် အဆောက်အဦမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ရှေးဦးစွာဆောင်ရွက်ပြီးလျှင် ကာလတိုသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပါမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ ဝန်ကြီးပြန်လည်ဖြေလှစ်ပေးမည်ဆိုသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်မှာက အထည်ချုပ်စက်ရုံများ၊ လက်သမား၊ ပရိဘောဂစက်ရုံများက အလုပ်သမားလိုအပ်ချက်ရှိပါတယ်။ အဲဒီအတွက် အထည်ချုပ်စက်ရုံတွေမှာ လုပ်သားများ အလုပ်အကိုင်ရရှိရေးအတွက် ဒေသနှင့်ကိုက်ညီတဲ့ မော်တာ

ဖြင့်ချုပ်တဲ့ စက်ချုပ်သင်တန်းများ၊ လက်သမားဆိုရင်လည်း ပရိဘောဂစက်ရုံတွေမှာ စက်များဖြင့် ပြုလုပ်သည့်အတွက် ပရိဘောဂလက်သမားသင်တန်းများ၊ အဲဒီလိုဘာသာရပ်များကို ဖြည့်စွက်ပြီးတော့ သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုတိုနှင့်လိုရင်းပဲ ပြန်ဖြေပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အမှန်အကျိုးရှိနိုင်မယ့် သင်တန်းများဆောင်ရွက်နိုင်မှုကို ဒုတိယသမ္မတကြီးကိုယ်တိုင် ဦးဆောင်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိ ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသလို ကျွန်တော်တို့သင်တန်းတွေမဖွင့်ခင် ဒေသအတွင်းရှိတဲ့ လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုန်သည်စက်မှုအသင်းများမှ တာဝန်ရှိလူကြီးများနဲ့ တိုင်ပင်ဆွေးနွေးပြီးမှ အလိုအပ်ဆုံး၊ အထိရောက်ဆုံး အလုပ်အကိုင်ရရှိမှုအဖြစ်နိုင်ဆုံးသင်တန်းများကို ရွေးချယ်ဆောင်ရွက်ပေးနေပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တူးမြောင်းဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကိုလွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ တူးမြောင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့ အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ ၁၃-၇-၂၀၁၇ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသား

ဖော်ပြ၍ ၁၇-၇-၂၀၁၇ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်းသူကိုယ်စားလှယ်တစ်ဦးမှမရှိပါ။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၄)ချက်ကိုသဘောတူသင့်ကြောင်းနှင့် (၄)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်းတင်ပြလာပါတယ်။ ယခု အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် (၄)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါခင်ဗျား။ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်ကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် ဦးဇော်ဝင်းက နေပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၄-၇-၂၀၁၇ (တနင်္လာနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး ရဲ့သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက်မှ အချက်(၄)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင် အတည်ပြုချက်(၄)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်(၄)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၂ | ၃ | အပိုဒ် ၆ |
| (ခ) | ၂ | ၄ | အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) |
| (ဂ) | ၃ | ၇ | အပိုဒ် ၂၇ |
| (ဃ) | ၄ | ၈ | အပိုဒ် ၃၂ |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်းတင်ပြသွားတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် (၄)ချက်ကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်းတင်ပြသွားတဲ့ အချက်(၄)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီရဲ့ထပ်မံပြင်ဆင်ချက် (၂)ချက်ကို တင်ပြဖို့ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန်တင်ပြချက် (၂)ချက် ရှိပါတယ်။ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကထပ်မံပြင်ဆင်ရန် တင်ပြချက်(၂)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ | ၅ | အပိုဒ် ၅ အပိုဒ်ခွဲ(က) |
| (ခ) | ၃ | ၆ | အပိုဒ် ၅ အပိုဒ်ခွဲ(ခ) |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်(၂)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်းသဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် (၂)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်(၂)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူညီချက်ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက်(၂)ချက်ရှိပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၂)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက် (၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) |
| (ခ) | ၁ | ၂ | အပိုဒ် ၂ အပိုဒ်ခွဲ(စ) |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကိုသဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ ယခင်အတည်ပြုထားသည့်အတိုင်းအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၂)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်တဲ့အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် (၄)ချက်ကိုသဘောမတူကြောင်း လွှတ်တော်ကအတည်ပြုပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(ဃ)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကတင်သွင်းသော တူးမြောင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး နဝမမြောက်နေ့ဖြစ်တဲ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှလည်း ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြည်သူ့လွှတ်တော်သို့ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် ထပ်မံ ပြင်ဆင်ရန်တင်ပြချက် (၂)ချက်နှင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်(၂)ချက် စုစုပေါင်းအချက် (၄)ချက် တို့သည် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့် အချက် (၄)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့(၄)ချက်နဲ့ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm 2009 နဲ့ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စ်ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၅)ရက်မြောက်နေ့ ၂၈-၇-၂၀၁၇ ရက်နေ့တွင် တင်သွင်းတဲ့ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နဲ့ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စ်ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၂ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရေးကြီးအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၄ ဦးရှိပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်ချိန်အတွင်းမှာ တိုတိုနဲ့လိုရင်းပြီးစီးအောင် ဆွေးနွေးပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ကျောင်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ အရေးကြီးအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာ မင်္ဂလာ သတင်းပြောချင်တာကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဩဂုတ်လ ၁ ရက် ထုတ်ပြန်

ချက်အရ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးရောဂါနဲ့ သေဆုံးသူထပ်မံတိုးလာခြင်း မရှိဆိုတဲ့ဟာပဲ ဖြစ်ပါတယ်။ ဆေးရုံတက်လူနာ ၂၄၅ ဦး၊ H1N1လူနာ ၇၆ ဦးနဲ့ သေဆုံးသူ ၁၂ ဦး ရှိပါတယ်။ ထပ်သေဆုံးခြင်းမရှိတော့ဘူးလို့ ဒီနေ့သတင်းစာမှာ ဖတ်လိုက်ရပါတယ်။ Seasonal Influenza A(H1N1)pdm 2009 ရာသီတုပ်ကွေးအကြောင်းပြောပြချင်ပါတယ်။ စိတ်ဝင်စားတဲ့သူ တော်တော်များများကတော့ Facebook တွေ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ တီဗွီတွေကနေတစ်ဆင့် သိနေကြပါတယ်။ ၁၉၁၈ ခုနှစ်က Spanish Flu လို့ နံမည်ကြီးခဲ့တဲ့ ဒီဗိုင်းရပ်ဟာ ၂၀၀၉ ခုနှစ်မှာ ပြန်ပေါ်လာပြီးတော့ ပြင်းပြင်းထန်ထန်ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အားပျော့သွားပြီးတော့ ရာသီတုပ်ကွေးအဖြစ်တည်ရှိနေရာက အခုပြင်းထန်လာတာပဲဖြစ်ပါတယ်။ New Emerging Disease ဆိုတဲ့ ရောဂါအသစ်အဆန်းတွေဟာ တိရစ္ဆာန်တွေကဖြစ်လာတတ်တာမို့လို့ လူထုကျန်းမာရေးလုပ်ငန်းတွေမှာ တိရစ္ဆာန်ဆေးပညာရှင်တွေနဲ့ လက်တွဲဖော်ဆောင်သွားဖို့လည်း လိုအပ်ပါတယ်။ ရောဂါလက္ခဏာအနေနဲ့ကတော့ တုပ်ကွေးရောဂါဆိုတဲ့အတိုင်း အားလုံးသိပြီးသားဖြစ်တဲ့ အတိုင်း ခံစားကြရပါတယ်။ ပြင်းထန်တဲ့လူတွေမှာတော့ SARI ခေါ်တဲ့ Severe Acute Respiratory Illness ရုတ်တရက်ပြင်းထန်အသက်ရှူလမ်းကြောင်းနဲ့ ဆိုင်တဲ့ရောဂါတွေဖြစ်ပြီး သေဆုံးရတာပါ။ ဖြစ်စမှာ ဆေးရုံတက်ပြီးတော့ကုမယ်ဆိုရင် ပျောက်ပါတယ်။ နောက်ကျမှ ဆေးရုံရောက်လာရင်တော့ အသက်ဆုံးပါးရပါတယ်။ အဲဒါတွေကလည်း အခုနောက်ပိုင်း သေတဲ့လူတွေတော်တော်များများကလည်း အဲဒီလိုကြောင့်လို့သိရပါတယ်။ ရောဂါအကြောင်းအသေးစိတ်ကိုတော့ နောက်က ကိုယ်စားလှယ်တော်ကြီးတွေ ဆက်ပြီးဆွေးနွေးမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ ပြင်းထန်တုပ်ကွေး စဖြစ်တယ်လို့ကြားပါတယ်။ ဘာဖြစ်လို့မကြေညာသေးတာလဲ။ ခေတ်အဆက်ဆက် ဒီလိုပဲဖုံးဖိနေချင်သေးတာလား ဒီလိုထင်မိပါတယ်။ လေ့လာကြည့်တဲ့အခါမှာတော့ ဒီလိုရောဂါတွေဖြစ်ရင် ကိုယ့်နိုင်ငံမှာ NHL လို့ခေါ်တဲ့ National Health Lab အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှာ စနစ်တကျစစ်ဆေးရပါတယ်။ တွေ့ရင်တောင် ကြေညာလို့မရသေးပါဘူး။ ကမ္ဘာ့အဆင့် Laboratory ရှိတဲ့နိုင်ငံတွေ ဂျပန်နိုင်ငံလိုဟာမျိုးကို ပို့ပြီးတော့ အတည်ပြုချက်ရယူရပါတယ်။ ဒါကလည်း IHR လို့ခေါ်တဲ့ International Health Regulation အပြည်ပြည်ဆိုင်ရာကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေအရ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ရက်ပိုင်းအတွင်းမှာ ၂၄ ရက်နေ့မှာပဲ အတည်ပြုကြေညာပေးခဲ့ပါတယ်။ ဒါ့အပြင် ကျန်းမာရေးနဲ့

အားကစားဝန်ကြီးဌာနအနေနဲ့ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန်တစ်ရပ် စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော်နေတာကိုလည်း တွေ့ရပါတယ်။ မဟာဗျူဟာတွေဘယ်လိုချမလဲ။ အပြည်ပြည်ဆိုင်ရာဝင်ပေါက်၊ ထွက်ပေါက်တွေနဲ့ လူနာရှာ၊ လူနာစောင့်ရှောက်ရေး၊ အပြင်ဆေးခန်းတွေရော၊ သေဆုံးသူအလောင်းတွေရော၊ နောက်ကျန်းမာရေးအသိပညာပေးခြင်းတွေရော၊ နှီးနှောယ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတွေရော ဆောင်ရွက်ထားတာတွေ့ရပါတယ်။ မဟာဗျူတွေထဲမှာလည်း Health Education ပေးတယ် ပြည်သူလူထုကအသိပေးခြင်းကိုလည်း အဓိကထားပြီးဆောင်ရွက်နေပါတယ်။ အဲလိုပဲ Logistic နဲ့ တခြား Coordination ဆိုတဲ့ ပေါင်းစပ်ညှိနှိုင်းခြင်းတွေလည်း ဆောင်ရွက်ထားတာ တွေ့ရပါတယ်။ မနေ့ကသတင်းစာထဲမှာပဲ ကျွန်တော်ကြည့်လိုက်တဲ့အခါကျတော့လည်း မြို့နယ် ၂၀ လောက်မှာ ပညာပေးရေးလုပ်ငန်းတွေ လုပ်တာတွေ့ရပါတယ်။ မနေ့ကသတင်းစာမှာဆိုရင် ဇီးကုန်း၊ သီပေါ၊ မကွေး၊ မော်လိုက်၊ တာချီလိတ်၊ စေတုတ္တရာ၊ ဟသ်ာတ၊ ကော့သောင်း၊ ရန်ကုန်၊ ကော့ကရိတ်၊ ဝေါ၊ စစ်တွေ၊ ထားဝယ်၊ သဲကုန်း၊ မိုးညို၊ ဂန့်ဂေါ၊ နတ်တလင်း၊ တာပွန် စတဲ့နေရာတွေမှာ ပညာပေးရေးလုပ်ငန်းတွေ လုပ်နေတာကိုလည်းတွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရောဂါဖြစ်တာဖြင့် ၁၀ ရက်ကျော်ပြီ။ ခုမှ လွှတ်တော်ကပြောရသလားလို့ အထင်ရှိသူတွေကိုလည်း တင်ပြချင်ပါတယ်။ ဒီလိုရောဂါတွေကို ကျွန်တော်ပြောသလို IHR လို့ခေါ်တဲ့ International Health Regulation အပြည်ပြည်ဆိုင်ရာကျန်းမာရေးစည်းမျဉ်းစည်းကမ်းအရ လိုက်နာရတာတွေရှိသလို လွှတ်တော်ကြီးကိုလည်း တိုက်ရိုက်ပြနေတဲ့အတွက် ပြည်သူလူထုကို လိုတာထက်ပိုပြီးတော့ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်နေမှာစိုးပါတယ်။ အစိုးရရဲ့ဆောင်ရွက်ချက်တွေလည်း တွေ့နေရတာမို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။ အလွန်အမင်းကြောက်ပြီးတော့ စိုးရိမ်နေစရာမလိုပါဘူး။ သတိနဲ့ယှဉ်ပြီးနေထိုင်သွားလို့ ရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်သူကိုယ်တိုင်ကလည်း အစိုးရိမ်မလွန်ဖို့ ပြောထားပါတယ်။ ဒါကြောင့်မို့လို့ အဓိကကတော့ လူထူထပ်တဲ့နေရာတွေ မသွားဖို့၊ လက်ခဏခဏဆေးဖို့ပဲလိုပါတယ်။ ဒါကြောင့်လဲ နိုင်ငံတော်အနေနဲ့ တောင်ပြုံးပွဲကိုလည်းပဲ ရက်ရွှေ့ဆိုင်းထားတာ အားလုံးအသိပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့်မို့လို့ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်ပြထားတဲ့ အရေးကြီး

အဆိုကို အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲ ဆွေးနွေးမယ့် နောက်ကိုယ်စားလှယ်တော်ကိုတော့ ကိုယ်စားလှယ်လွှဲသွားပြီ။

**ဥက္ကဋ္ဌ**။ ။ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ရွှေပုံ(ပဲခူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမယ့် ပဲခူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမှာ ၂၀၁၇ ခုနှစ် ဇူလိုင်လမှစတင်ပြီး ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 ကူးစက်ဖြစ်ပွားနေတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအခြေအနေများအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်လျက်ရှိရာ Myanmar CDC Facebook တွင်ဖော်ပြထားသည့် သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၉)အရ ၁-၈-၂၀၁၇ ရက်နေ့အထိ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးကုသမှုခံယူနေသည့် လူနာ ၂၄၅ ဦးတွင် Positive လူနာ ၇၆ ဦးရှိပြီး သေဆုံးသူ ၁၂ ဦးရှိပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါတယ်။ ယခင်ခေတ်ကာလက ရောဂါအခြေအနေများအား ပြည်သူလူထုအား ထုတ်ပြန်ကြေညာရာတွင် မကြေညာဘဲထားရှိခြင်း၊ အချိန်များစွာကြာပြီးမှကြေညာခြင်း၊ ဖြစ်ပွားသေဆုံးမှုအရေအတွက်အား လျှော့ချ၍ကြေညာခြင်းများအား အကြောက်တရားပေါ်အခြေခံ၍ ပြုမူခဲ့ကြရာမှ ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာခြင်းဖြင့် ဥပမာကောင်းဖြင့်ပေါ်ထွက်လာခြင်းကို ကျေနပ်ဖွယ်ရာတွေ့ရှိရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှဝန်ထမ်းများ ဆေးပညာရှင်များက အချိန်မီဖော်ထုတ်နိုင်ခဲ့ပြီး စောင့်ကြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အများသူငှာစိတ်ဝင်စားသော ကျန်းမာရေးကိစ္စတစ်ခုအဖြစ် မြင်တွေ့လာရခြင်းဖြစ်ပါတယ်။ ယခု (H1N1)ဖြစ်ပွားမှုအား မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုသည့် နည်းပညာများဖြစ်သော Rapid Diagnostic Test (RDT) စမ်းသပ်နည်းဖြင့်ရှာဖွေခြင်း၊ Polymerase Chain Reaction (PCR) ဗီဇမိတ္တူကူးပွားခြင်း နည်းလမ်းများဖြင့် ရောဂါအားအတည်ပြု ဖော်ထုတ်ပေးလျက်ရှိကြောင်း

သိရှိရပါတယ်။ ပိုမိုမှန်ကန်တိကျသောအဖြေ ရရှိနိုင်စေရန်အတွက် ဇီဇမော်လီကျူးအဆင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ Gene Sequencing နည်းဖြင့် စစ်ဆေးရန်လိုအပ်ပြီး ထိုကဲ့သို့စစ်ဆေးရန် ဓာတ်ခွဲနမူနာများအား ဂျပန်နိုင်ငံဓာတ်ခွဲခန်းသို့ ပို့ထားကြောင်းလည်း သိရှိရပါတယ်။ ၎င်းဓာတ်ခွဲမှု အဖြေရရှိလာပါက (H1N1)မျိုးကွဲကို အတိအကျသိရှိနိုင်မည်ဖြစ်ပြီး ကပ်ရောဂါဖြစ်ပွားလာနိုင်ချေနှင့် ဆေးဝါးဖြင့်နှိမ်နင်းနိုင်ချေများကို ပိုမိုသေချာစွာသိရှိနိုင်ပြီး ထိရောက်သောကာကွယ်ကုသခြင်းများ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိရာ လူထုအသိပညာပေးခြင်းလုပ်ငန်းများကို လူမှုကွန်ယက်များ၊ ပုံနှိပ်မီဒီယာ၊ ရေဒီယို၊ ရုပ်မြင်သံကြားစသည်တို့မှ ထုတ်လွှင့်လျက်ရှိသည်ကို နိုင်ငံအတွင်းရှိ လူသန်းပေါင်းများစွာက ကြားသိတွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင့်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ရာသီတုပ်ကွေးကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်စာအုပ်က ၂၈-၇-၂၀၁၇ ကတည်းက ထုတ်ထားတာ ဖြစ်ပါတယ်။ ဒီပုံတွေကတော့ ပဲခူးမြို့မှာ ကျန်းမာရေးဝန်ကြီးဌာနနဲ့အတူ ပြည်သူလူထုရဲ့အလှူငွေများဖြင့် လက်ကမ်းစာစောင်များ၊ Mask များဝေငှခြင်း၊ ပညာပေးပိုစတာများစိုက်ထူနေခြင်းတို့ ပြုလုပ်နေတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရောဂါကာကွယ်ထိန်းချုပ်ရေးတွင် ပညာပေးကဏ္ဍသည် အရေးပါသလို အခြားသောအရေးကြီးကဏ္ဍများဖြစ်သည့် လိုအပ်သောဆေးဝါးများနှင့် ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးခြင်း၊ ရောဂါကာကွယ်ရေးနည်းလမ်းများ၊ လမ်းညွှန်ချက်များနှင့် အလေ့အထများ အားကောင်းစေရန်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများသည်လည်း အရေးကြီးလှပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက မိတ်ဖက်ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိကြရမှာဖြစ်ပါတယ်။ ယခု ဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါ(H1N1)သည် အိန္ဒိယနိုင်ငံ၊ မော်ဒိုက်နိုင်ငံ၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံများတွင်ပါ ကူးစက်ဖြစ်ပွားနေသော ရောဂါတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် သတိဖြင့်ဆက်လက်စောင့်ကြည့်သင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များကိုဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြည်သူလူထုဘက်မှလည်း အကြောက်တရားလွန်ကဲပြီး မှားယွင်းသောအလေ့အထများမဖြစ်ပေါ်စေရန် မှန်ကန်ရှင်းလင်းသော သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီကြေညာပေးခြင်းဟာ အဓိကကျလှပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန

အနေဖြင့် ပြည်သူလူထုအား ရောဂါဖြစ်ပွားမှုအခြေအနေ၊ ဆောင်ရွက်နေသည့်အခြေအနေများအား လက်ရှိကဲ့သို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ကြေညာပေးရန် တိုက်တွန်းလိုပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူနှင့်အတူဆိုတဲ့အတိုင်းဆက်စပ်အဖွဲ့အစည်းများအားလုံးနှင့်အတူလက်တွဲ၍ ဆောင်ရွက်နေသလို ပြည်သူလူထုကလည်း ပြည်သူ့အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ကူညီဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကျောက်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့်အကြောင်းအရာကတော့ ကျောက်ကုန်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ မြန်မာနိုင်ငံမှာ H1N1 တုပ်ကွေးရောဂါဖြစ်ပွားနေမှုအခြေအနေနဲ့ပတ်သက်ပြီး တင်သွင်းတဲ့အရေးကြီးအဆိုအပေါ် ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ H1N1 လို့ခေါ်တဲ့ လက်ရှိဖြစ်ပွားနေတဲ့ တုပ်ကွေးရောဂါကို Seasonal Influenza A (H1N1) pdm 2009 လို့အမည်ပေးထားကြောင်း သိရပါတယ်။ ကူးစက်မြန်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်စေတဲ့ Virus ပိုးကြောင့် ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ကြောင်းနှင့် ၂၀၀၉ ခုနှစ်မှာ ဝက်ကတစ်ဆင့် လူ၊ လူပြီးတော့ လူလူချင်း ကူးစက်ပြန့်ပွားခဲ့ကြောင်းနဲ့ တုပ်ကွေးရာသီတိုင်းလိုလိုမှာ ဗီဇပုံစံပြောင်းပြီးဖြစ်တတ်ကြောင်း သိရပြီးတော့ သုံးရက်ကနေ ခုနစ်ရက်အတွင်း သက်သာပျောက်ကင်းသွားတတ်ကြောင်း၊ ရောဂါပြင်းထန်ရင်တော့ သေဆုံးနိုင်ကြောင်း သိရပါတယ်။ Virus ပိုးရဲ့ သဘောသဘာဝအရ ဗီဇပုံစံပြောင်းပြီးဖြစ်တတ်လို့ ခုခံအားစနစ်က မမှတ်မိတဲ့အတွက် ပိုပြီးပြန့်ပွားလွယ်ပြီးတော့ ခုခံအားနည်းတဲ့သူတွေ၊ ရောဂါအခံရှိတဲ့သူတွေမှာ သေဆုံးတဲ့အထိ ဖြစ်နိုင်ကြောင်း သိရပါတယ်။ ၂၀၀၉ ခုနှစ် ရောဂါဖြစ်ပွားရာမှာ ကမ္ဘာတစ်ဝန်းလုံး ကပ်ရောဂါပုံစံနဲ့ လူ ၂၀၀၀၀ လောက်သေဆုံးခဲ့ကြောင်း သိရပါတယ်။ ရောဂါဖြစ်ပွားတာတွေနဲ့ ပတ်သက်လို့ ၂၀၁၁ ခုနှစ်မှာ ဝါရှင်တန်မြောက်ပိုင်း၊ ၂၀၁၃ ခုနှစ်မှာ ဗင်နီဇွဲလားမှာ ၁၇ ဦးသေဆုံး၊ ၂၀၁၄ ခုနှစ်မှာ တက်ဆက်ပြည်နယ်မှာ ၃၃ ဦးသေဆုံးနဲ့ ကနေဒါမှာ ကိုးဦးသေဆုံး၊ ၂၀၁၅ ခုနှစ်မှာ

အိန္ဒိယမှာ ၁၉၀၀ ဦး သေဆုံးပြီးတော့ ၂၀၁၇ ခုနှစ် အစပိုင်းမှာ မော်ဒိုက် လေးဦးသေဆုံးကြောင်းနဲ့ လက်ရှိ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံမှာ ဖြစ်ပွားကြောင်း သိရပါတယ်။

ဒီနိုင်ငံမှာ လက်ရှိဖြစ်ပွားမှုအရ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ ချင်းနဲ့ မွန်တို့မှာ ဖြစ်ပွားကြောင်း သိရပါတယ်။ ရောဂါကူးစက်ပုံနဲ့ပတ်သက်လို့ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ရောဂါရှိသူက နှာချေ၊ ချောင်းဆိုးကနေတိုက်ရိုက်ဖြစ်စေ၊ ခွဲသလိပ်အသုံးအဆောင်ကဖြစ်စေ၊ ရောဂါဖြစ်နေတဲ့ဝက်ကဖြစ်စေ ကူးစက်နိုင်ကြောင်းနှင့် အသက်ငါးနှစ်အောက်နှင့် ၆၅ နှစ်အထက်တွေ၊ နာတာရှည်ရောဂါသည်တွေ၊ ကိုယ်ဝန်ဆောင်တွေ၊ ခုခံအားနည်းတဲ့ ရောဂါခံစားနေရတဲ့သူတွေနဲ့ ရောဂါဖြစ်နေသူတွေ၊ ထိတွေ့ဆက်ဆံနေရသူတွေဟာ ရောဂါကူးစက်နိုင်ခြေအများဆုံးဖြစ်နိုင်ကြောင်း သိရပါတယ်။ ရောဂါလက္ခဏာအနေနဲ့ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်း၊ အသက်ရှူမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ နှာရေယိုနှာစေး၊ ခေါင်းကိုက်ခြင်းနှင့် နုံးချိသလိုခံစားရခြင်း စတာတွေဖြစ်တတ်ကြောင်းနှင့် ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ မျက်လုံးနီရဲလာခြင်း၊ အစားအသောက်ပျက်ခြင်း၊ အဆုပ်အအေးမိရောဂါပုံစံမျိုးခံစားရတတ်ကြောင်း သိရပါတယ်။ ရောဂါရဲ့နောက်ဆက်တွဲအနေနဲ့ နှလုံးရောဂါ၊ ပန်းနာရင်ကြပ်ရောဂါသည်များအခြေအနေ ပိုဆိုးလာခြင်း၊ ပြင်းထန်အဆုပ်ရောဂါဖြစ်တတ်ခြင်း၊ ဦးနှောက်အာရုံကြောဆိုင်ရာရောဂါနှင့် တက်တတ်တဲ့ရောဂါ၊ သတိလစ်ခြင်းနှင့် အသက်ရှူရပ်ပြီး သေဆုံးတဲ့အခြေအနေမျိုး ဖြစ်လာတတ်ကြောင်း သိရပါတယ်။

ရောဂါကြိုတင်ကာကွယ်မှုအနေနဲ့ လက်ကိုမကြာခဏဆေးကြောခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ ကျန်းမာရေးကိုအထောက်အကူပြုတဲ့ အစားအစာစားသောက်ခြင်း၊ အရည်များများသောက်ခြင်း၊ လူများတဲ့နေရာတွေမှာ နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ ရောဂါဖြစ်နေသူများ၊ ရောဂါဖြစ်ပွားနေတဲ့နေရာတွေကို ကင်းရှင်းစွာနေထိုင်ခြင်း၊ နှာချေ၊ ချောင်းဆိုးလာလျှင် လက်ကိုင်ပုဝါ၊ Tissue တွေအသုံးပြုခြင်း စသည့်နည်းလမ်းတွေနဲ့ ကာကွယ်မှုပြုနိုင်ကြောင်း သိရပါတယ်။ ရောဂါပြင်းပြင်းထန်ထန်မခံစားရအောင် ကာကွယ်ဆေးထိုးပြီး ဆောင်ရွက်ထားနိုင်ကြောင်းလည်း သိရပါတယ်။ ၂၈-၇-၂၀၁၇ ရက်နေ့အထိ ရန်ကုန်မြို့ ဆေးရုံကြီး ၁၂ ခုမှာ တက်ရောက်ကုသသူ ၅၀ ဦးမှာ ရောဂါတွေ့သူ ၃၀ ရှိပြီးတော့ သေဆုံးသူ ခြောက်ဦးရှိတယ်လို့ သိရပါတယ်။ ဇူလိုင် ၂၁ ကနေ ၃၀ အထိ သံသယရှိသူလူနာ ၁၃၈ ဦး၊ ရောဂါဖြစ်သူ ၄၈ ဦးနှင့် သေဆုံးသူကိုးဦးရှိကြောင်းနဲ့ လက်ရှိထုတ်ပြန်ထားတဲ့ သတင်းစာတွေအရ သံသယရှိသူလူနာ ၂၁၃ ဦးမှာ ၆၂ ဦး ရောဂါတွေ့ရှိပြီးတော့ ၁၂ ဦးသေဆုံးကြောင်း သိရပါတယ်။ ၂၈-၇-၂၀၁၇ ရက်နေ့မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဒီရောဂါဖြစ်ပွားမှုအပေါ်

ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန်ထုန်ပြန်ခဲ့ကြောင်း သိရပါတယ်။ ၂၉-၇-၂၀၁၇ ရက်နေ့ သတင်းထုတ်ပြန်မှုတွေအရ ဒေါက်တာသန်းထွဋ်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ်ရဲ့ ဟောပြောချက်အရ အစိုးရိမ်မလွန်ကြစေလိုကြောင်း၊ WHO ကိုလည်း အကူအညီတောင်းခံထားကြောင်း၊ ကပ်ရောဂါအသွင်ဖြစ်ပွားနေခြင်းမဟုတ်ကြောင်း၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများအတိုင်း ပြည်သူများလိုက်နာဆောင်ရွက်ခြင်းအားဖြင့် ကာကွယ်နိုင်ကြောင်း သိရပြီးတော့ WHO ဌာနေတာဝန်ခံ ဒေါက်တာစတီဖင်ပေါ်ဂျူရဲ့ VOA ကိုပြောကြားချက်အရ နှာခေါင်းစည်းများတပ်ဆင်ခြင်းထက်ကို မကြာခဏ လက်ဆေးပြီး သန့်သန့်ရှင်းရှင်းနေထိုင်ခြင်းက ပိုပြီးတော့ကောင်းမွန်ကြောင်းနှင့် နှာခေါင်းစည်းများမှာ သန့်ရှင်းမှုမရှိဘူးဆိုရင် ရောဂါဖြစ်နိုင်ခြေပိုများကြောင်း၊ လက်ရှိရောဂါဖြစ်ပွားနေမှုမှာ ကပ်ရောဂါအသွင်ဖြစ်နိုင်ချေမရှိဘဲ ရာသီအလိုက်ဖြစ်ပွားတတ်တဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါဖြစ်တာကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန်နှင့် ဗဟုသုတရရှိရေးကို အလေးထားဆောင်ရွက်ပြီးတော့ ရောဂါကာကွယ်ရေးလုပ်ငန်းများကို နိုင်နိုင်နင်းနင်းဆောင်ရွက်သင့်ကြောင်း ပြောကြားထားတာ ကြားသိရပါတယ်။ ဒါကြောင့် လက်ရှိဖြစ်ပွားနေတဲ့ H1N1 တုပ်ကွေးရောဂါဟာ ကပ်ရောဂါအသွင်အနေနဲ့ဖြစ်နေတဲ့ရောဂါမဟုတ်ဘဲ ရာသီအလိုက်ဖြစ်တတ်တဲ့ တုပ်ကွေးအမျိုးအစားဖြစ်တဲ့အတွက် အစိုးရိမ်မလွန်ရန်လိုသော်လည်းပဲ တနင်္သာရီ၊ ထားဝယ်မှာဖြစ်နေတဲ့ H1N1 ကြက်၊ ငှက်တုပ်ကွေးလိုရောဂါမျိုးနဲ့ ပေါင်းစပ်မိမယ်ဆိုရင် Virus ဗီဇအမျိုးသစ်ဖြစ်လာနိုင်ခြေရှိတဲ့အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် အများပြည်သူလူထုအနေနဲ့ အထူးဂရုပြုသတိထားနေထိုင်ကြခြင်းဟာ ကောင်းမွန်တဲ့လုပ်ရပ်တစ်ခုဖြစ်ကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ယခင်နေ့က ကျောင်းကုန်းမဲဆန္ဒနယ် ဦးသိန်းထွန်းရဲ့ အရေးကြီးအဆိုဖြစ်တဲ့ H1N1 ရောဂါများ ထိန်းချုပ်ကာကွယ်ရေးနှင့်ပတ်သက်ပြီး ကျွန်တော် ထောက်ခံအကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ WHO ရဲ့ အစီရင်ခံစာအရ ဒီရောဂါဟာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ လူပေါင်း နှစ်သန်းကနေ ငါးသန်းအထိ ကူးစက်ပြန့်ပွား

တယ်လို့ သိရှိရပါတယ်။ အဲဒီလို တစ်နေ့တစ်နေ့အတွင်းမှာဆိုလို့ရှိရင် ဒီရောဂါပိုးကြောင့် လူဦးရေ နှစ်သိန်းကနေ ငါးသိန်းထိ သေဆုံးနိုင်ခြေရှိတယ်လို့ အစီရင်ခံစာမှာ ဖော်ပြပါရှိပါတယ်။ အဲဒီတော့ အဲဒီရောဂါပိုးက ပြန်လေ့လာကြည့်မယ်ဆိုလို့ရှိရင် သုံးမျိုးသုံးစားရှိပါတယ်။ Influenza A ၊ Influenza B ၊ Influenza C ဆိုပြီးမှ ရောဂါသုံးမျိုးသုံးစားရှိတဲ့အနက် ကျွန်တော်တို့ မြန်မာနိုင်ငံ ကတော့ A အမျိုးအစားဖြစ်တဲ့ A H1N1 ဆိုတဲ့ရောဂါပိုးကြောင့် ဒီလိုရောဂါများ ကူးစက်ပြန့်ပွားခြင်းပဲ ဖြစ်ပါတယ်။ ဒီရောဂါဖြစ်တယ်ဆိုလို့ရှိရင်တော့ ရောဂါစဝင်တာနဲ့ ချောင်းဆိုးမယ်။ နှာချေမယ်။ အပူကြီးမယ်။ ကိုယ်လက်ကိုက်ခဲမယ်။ အဖျားအနာတွေဖြစ်မယ်။ သုံးရက်ကနေ ငါးရက်အတွင်း အမြန်ဆုံးကုသမယ်ဆိုလို့ရှိရင် ပျောက်ကင်းပေမဲ့ အပြင်းစားဖြစ်လာပြီဆိုလို့ရှိရင် ဒီရောဂါကြောင့် လူတွေဟာ သတိမေ့ပြီးတော့မှ အပူချိန်များပြီး သေဆုံးတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒါကြောင့် မို့လို့ ကျွန်တော်တို့က ပေါ့ပေါ့ဆဆယူလို့မရပါဘူး။ ကာကွယ်ထိန်းချုပ်ရန်လည်း အင်မတန်မှ အရေးကြီးကြောင်း ကျွန်တော် တင်ပြလိုပါတယ်။

အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနကလည်း ထိထိရောက်ရောက်ကာကွယ်နေတယ်။ ပညာပေးဟောပြောနေတာကိုလည်း မြို့တိုင်း၊ ရွာတိုင်းမှာ အားလုံးသိမြင်ကြပြီးလည်း ဖြစ်ပါတယ်။ ဒီရောဂါကိုကာကွယ်မယ်ဆိုလို့ရှိရင်တော့ မကြာခဏလက်ဆေးဖို့ လက်ဆေးတဲ့အခါမှာလည်း ဆပ်ပြာ၊ ဆပ်ပြာရည်တွေနဲ့ ဆေးကြောပေးဖို့၊ နောက် တစ်ကိုယ်ရည်သန့်ရှင်းရေးကို အလေးဂရုပြုဖို့၊ နောက်တစ်ချက်က လုံလောက်တဲ့အနားယူမှုမျိုး၊ လုံလောက်တဲ့အိပ်ရေးအိပ်ချိန်ကိုရရှိဖို့ ကျွန်တော်တို့ ပြုမူဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် အစာအာဟာရပြည့်ဝတဲ့ အစားအစာများကို စားသုံးပေးရမယ်။ ကိုယ်လက်အားကစားမကြာခဏ ပြုမူဆောင်ရွက်ကြမှ ရောဂါပိုးကိုကာကွယ်ပြီး သား ဖြစ်တယ်။ နောက် လူစုလူဝေးသွားတဲ့အခါမှာလည်း နှာခေါင်းပိတ် Mask တွေနဲ့ သေချာပိတ်ပြီး တော့မှ သွားဖို့ နှာချေတဲ့အခါမှာလည်း လက်ကိုင်ပုဝါနဲ့ဖုံးပြီးတော့မှ ချေဖို့ အရေးကြီးပါတယ်။

နောက် ကာကွယ်ဆေးထိုးလုပ်ငန်းပါ။ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကတော့ ရာခိုင်နှုန်းပြည့် ဒါဟာ အောင်မြင်တယ်လို့ မဆိုနိုင်ပါဘူး။ ရာခိုင်နှုန်း ၅၀ ကနေ ၆၀ အတွင်းလောက်ပဲ လုံလောက်တဲ့ အကာအကွယ်ပေးမှုဖြစ်ပေါ်စေတယ်လို့ သုတေသနက အဲဒီလို ဖော်ပြပါရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီ လူစုလူဝေးဖြစ်တဲ့နေရာ၊ ဆေးရုံတို့၊ ကျောင်းတို့၊ ကားဂိတ်တို့၊ ဘတ်စ်ကားဂိတ်တို့ စတဲ့ နေရာတွေမှာ ကျယ်ကျယ်ပြန့်ပြန့်အသိပညာမျိုးကို မြန်မြန်ပေး၊ မြန်မြန်လုပ်ဆောင်မှသာလျှင် ထိရောက်တဲ့ကာကွယ် မှုမျိုး ဒါ ပေးခြင်းဖြစ်ပါတယ်။ ဦးသိန်းထွန်း အဆိုတင်သွင်းတဲ့နေ့ကဆိုလို့ရှိရင် သေဆုံးသူက ခြောက်

ယောက်ပဲရှိတယ်။ အခု ဒီလိုနေ့အထိဆိုလို့ရှိရင် သေဆုံးသူ ၁၂ ဦးဖြစ်လာပါပြီ။ ထိန်းချုပ်ဖို့လိုနေပါပြီ။ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနကို ဖြည့်စွက်ဘတ်ဂျက်တွေတိုးမြှင့်ပြီးတော့မှ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်ပေးဖို့လည်း ကျွန်တော် ဆွေးနွေးအကြံပြုလိုပါတယ်။ သာဓကအားဖြင့် ကျွန်တော့်ဒေသမှာ တုပ်ကွေးရောဂါဖြစ်တဲ့ အခါကျတော့ ကျွန်တော်တို့ မြို့နယ်ဆရာဝန်က တစ်ဦးတည်းရှိတယ်။ ကျွန်တော်ရောက်သွားတဲ့အခါမှာ အာဇာနည်နေ့မတိုင်ခင် ကျွန်တော် ရောက်သွားတယ်။ အဲဒီမှာ အိမ်တိုင်း၊ အိမ်တိုင်းမှာ တုပ်ကွေးတွေ ဖြစ်ပြီးတော့မှ ဖျားနာတဲ့အခါကျတော့ ထိရောက်တဲ့ကုသမှုမျိုးမရှိနိုင်ဘူး။ ကျွန်တော့်ပါတီဥက္ကဋ္ဌ တစ်ဦးဆိုလို့ရှိရင် သုံးရက်လောက်ဖျားပြီးတော့မှ ဆေးရုံရောက်တယ်။ နှာခေါင်းမှာ သွေးထွက်တယ်။ စအိုမှာသွေးထွက်တယ်။ တုပ်ကွေးဖြစ်ပြီးတော့မှ ကွယ်လွန်အနိစ္စရောက်သွားတယ်။ အင်မတန်မှ ဝမ်းနည်းစရာကောင်းပါတယ်။ ဒါကဘာလဲ ဆရာဝန်တစ်ဦးတည်းရှိတယ်။ ထိန်းချုပ်မှုမရှိဘူး။ ဆရာဝန်ကလည်း တာဝန်အရ ခရီးမကြာခဏသွားတဲ့အခါကျတော့ ထိရောက်တဲ့ကုသမှုမျိုး လုံလုံ လောက်လောက်မပေးနိုင်တာကို ဝမ်းနည်းစွာ တွေ့ရှိရတယ်။ ဒါ့အပြင် ဒီရောဂါဟာ H1N1 လား။ သာမန်ရာသီတုပ်ကွေးကြောင့် ဖြစ်တာလားဆိုတာကို ဘယ်သူမှ မမှန်းဆနိုင်ပါဘူး။ ဓာတ်ခွဲခန်း ကလည်း မရှိဘူး။ စစ်ဆေးဖို့ကလည်း လူမရှိဘူး။ ဘယ်သူက စစ်ဆေးပေးမှာလဲ။ ဘာဖြစ်မှာလဲ။ အဲဒီလို တွေ့ရတယ်။

အခု မနေ့က အစီရင်ခံစာမှာဆိုလို့ရှိရင် ကျိုင်းတုံမှာ H1N1 ဖြစ်ပွားတဲ့လူနာ နှစ်ဦးထပ် တွေ့နေပြီ။ သီးသန့်အခန်းထဲမှာ ထားပြီးတော့မှ ထိရောက်တဲ့ကုသမှုမျိုးကို ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ ဒီရောဂါကို ကျွန်တော်တို့ ပေါ့ပေါ့ဆဆမယူဘဲနဲ့ သေသေချာချာဂရုတစိုက် နဲ့ ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် သင့်ပြီဖြစ်ပါကြောင်း၊ နောက် ဒီလို အသိပညာမျိုး ပေးတဲ့အခါမှာလည်း တိုင်းရင်းသားစာပေ၊ တိုင်းရင်းသားစကားနဲ့ ဘာသာပြန်ပြီးတော့ မှ ထိရောက်တဲ့လုပ်ငန်းမျိုးများကို ပေးရန်သင့်ပါကြောင်း ကျွန်တော် ဆွေးနွေးအကြံပြုရင်း နိဂုံးချုပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ကတော့ ပြည်သူလူထုအနေနဲ့ ရိုးရိုးတုပ်ကွေးနှင့် H1N1လက္ခဏာကို အများပြည်သူသိရန် ကြိုတင်သိထားဖို့ လိုပါတယ်။ အဲဒါလိုမှမဟုတ်လို့ရှိရင် ခုနကလိုပေါ့ ရိုးရိုးတုပ်ကွေးလား၊ H1N1 လားဆိုတာကို မသိဘူးဆိုလို့ရှိရင် ဒါက သေဆုံးမှုကို သိရှိမှာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ H1N1 နှင့်ပတ်သက်ပြီးတော့ အသိပညာဟောပြောပေးဖို့ လိုအပ်ပါတယ်။ ဒုတိယအချက်အနေနဲ့က ကျွန်တော်တင်ပြချက်တာက ၁-၈-၂၀၁၇ ရက်နေ့မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အင်တာနက်တို့ Myanmar CDC Facebook နှင့် နေ့စဉ်ထုတ်သတင်းစာတွေမှာ ပြည်သူလူထုအတွက် ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်တာထက် အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်သွားမယ်လို့ သာမန်အားဖြင့် ပြောပါတယ်။ ဒါဟာဆိုရင် နည်းနည်းလေး လူထုကိုစိတ်တော့အေးတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က ဒီအပိုင်းမှာ H1N1 မှန်းသိသာပြီးဆိုလို့ရှိရင်တော့ ထိထိရောက်ရောက်ပညာပေးဖို့၊ ဟောပြောဖို့လိုပါတယ်။

နောက်တတိယအချက်အနေနဲ့ ကျွန်တော်တင်ပြချင်တဲ့အချက်က ရာသီချိန်မရောက်ရင် ခုနကလိုပေါ့ ဒါဟာဖြစ်တတ်တဲ့အလေ့အထက မိုးရာသီနဲ့ ဆောင်းရာသီအကူး၊ နောက်တစ်ခါ ဆောင်းရာသီနှင့် နွေရာသီအကူး၊ နောက်တစ်ခါ နွေရာသီနှင့် ခုနကလိုမိုးရာသီအကူး ဒီဟာတွေမှာ တုပ်ကွေးဆိုတဲ့ ရောဂါက အများကြီးဖြစ်လေ့ဖြစ်ထရှိတယ်။ ဒါကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း တောမှာဖြစ်ခဲ့ဖူးတယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ ကျွန်တော်တို့က ဘာကြည့်သလဲဆိုတော့ တုပ်ကွေးဆိုတာ ဘယ်လိုဖြစ်သလဲဆိုတော့ သစ်ပင်တွေပေါ်မှာ ကြက်တွေနားပြီးတော့ ညအိပ်တဲ့ အခါမှာ ဖုတ်ဆိုပြီးကျပါတယ်။ ကျတယ်ဆိုတော့ ဒါက ကြက်လည်လိမ်လို့ ခေါ်တယ်။ အဲ့ဒါဆို ကျွန်တော်တို့က ကြက်တွေကို လိုက်ကောက်ပြီးတော့ ဗိုက်ခွဲ၊ ဗိုက်ခွဲပြီးတော့ အူထုတ်ပြီးတော့ ကျွန်တော်တို့ ကောင်းကောင်းချက် စားကြတယ်။ ဒီလို အလေ့အထ ကျွန်တော်တို့ရှိပါတယ်။ ဒါဆိုတုပ်ကွေးဖြစ်ပြီဆိုတာ ဒါကိုတောသူတောင်သားတွေကအကုန်လုံးသိတယ်။ သူ့ကသူနောက်ကမှ စစ်ကာမှစစ်ရော။ ဒါပေမဲ့ ကျွန်တော်တို့က ဘာလဲဆိုတော့ ရှေးဓလေ့ထုံးစံအရ ဒါတွေကို ကျွန်တော်တို့က ဒါကတိုင်းရင်းဆေးနဲ့ပြန်ကုတယ်။ ဘယ်လိုကုလဲဆိုတော့ (၁) ဂျင်းတွေ၊ နောက်တစ်ခါ အဲဒါတွေကို ပြုတ်ပြီးတော့သောက်၊ သောက်ပြီးတော့ နှာခေါင်းထဲမှာ ကံနခိုနဲ့ ရှိန်းခိုနဲ့လို့ကလေးတွေကို သုတ်ပေးရတယ်။ ဒါဆိုလို့ရှိရင် သူ့ဟာသူဘာမှမဖြစ်တော့ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီလိုအပိုင်းမျိုးမှာ ဒီလိုသိလာပြီဆိုရင် ချက်ချင်းသက်ဆိုင်ရာကို သတင်းပို့၊ သတင်းပို့ပြီးတော့

သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်း၊ ကျန်းမာရေးပိုင်းနဲ့ ပေါင်းစပ်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်ပါတယ်လို့ တင်ပြချင်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ ပြီးခဲ့တဲ့ရောဂါဖြစ်မှုမှာ တင်ပြသွားတဲ့ပထမအချက် ရောဂါဖြစ်ပွားမှုက ၂၁၃ ယောက်၊ နောက်တစ်ခုက ရောဂါပိုးတွေ့မှုက ၇၂ ယောက်၊ သေဆုံးသွားတာက ၁၂ ယောက် ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင်များတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာက ယခုလို H1N1 ကာလပဲဖြစ်ဖြစ်၊ တုပ်ကွေးပဲဖြစ်ဖြစ် ဒါဟာတိုင်းရင်းဆေးနဲ့လည်း ခုနကလို ပြန်ပြီးတော့ ကြိုတင်ကာကွယ်မှုလည်း ကျွန်တော်တို့ ဒါဟာတောသူတောင်သားတွေက အသုံးပြုတာကို တိုင်းရင်းဆေးပညာဘက်ကလည်း အားပေးသင့်ပါတယ်ဆိုတဲ့အကြောင်း တင်ပြရင်း ဦးသိန်းထွန်း တင်သွင်းသွားတဲ့အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်းတင်သွင်းတဲ့ အရေးကြီးအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမည့် နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှဖြစ်ပါတယ်။ လေးစားပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အရှေ့မှာလည်းပဲ ကိုယ်စားလှယ်တော်တွေက ယခုလက်ရှိဖြစ်နေတဲ့ Seasonal Influenza A(H1N1) pdm 2009 နဲ့ပတ်သက်လို့ နည်းပညာရပ်ပိုင်းဆိုင်ရာသော်လည်းကောင်း၊ ဗဟုသုတပိုင်းဆိုင်ရာကိုသော်လည်းကောင်း ပြည်ပြည့်စုံစုံနဲ့ ဆွေးနွေးသွားပြီမို့ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ နာဂဒေသရဲ့ ပကတိမြေပြင်အခြေအနေမှန်ကိုအခြေပြုပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြို့ပြတွေမှာ ဒီနေ့ကျွန်တော်တို့တစ်နိုင်ငံလုံးလိုကျယ်ကျယ်ပြန့်ပြန့် လူတွေကသိရှိပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့သော်လည်းကောင်း၊ ဆေးရုံတွေမှာ ကျန်းမာရေးဝန်ထမ်းတွေ အပြည့်အစုံနဲ့ ဆေးဝါးအပြည့်အစုံနဲ့ကုသနေတဲ့အတွက်ကြောင့်မို့လို့ ထိုက်သင့်သလောက် ကုသမှုတွေနဲ့ အဆင်ပြေနေပြီးဆိုပေမဲ့လို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ နယ်စပ်ဒေသတွေမှာကတော့ ကျွန်တော်တို့ ဒီနေ့ဒီအချိန်အထိ မသိရသေးတဲ့အပိုင်းတွေလည်းပဲ ရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးတော့ ဖုန်းလိုင်းဆက်သွယ်ရေးတွေ မရှိတဲ့ နာဂဒေသအဆိုးဆုံးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီလိုအချိန်မျိုးမှာပဲ ဖွံ့ဖြိုးမှုနောက်ကျ

ဆုံးဖြစ်တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်နှင့်နန်းယွန်းမြို့နယ် ကျေးရွာအချို့မှာ ရာသီတုပ်ကွေးနှင့် အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်တဲ့ ဝက်သက်ရောဂါကူးစက်ဖြစ်ပွားခြင်းစတာတွေကြောင့် လူတွေအသက်ဆုံးရှုံးခဲ့ရပြီး ဖြစ်ပါတယ်။ တကယ်တော့ ဒေသခံပြည်သူတွေမှာရောဂါနှင့်ပတ်သက်တဲ့ ဆောင်ရန်၊ ရှောင်ရန်လို၊ အသိပညာ၊ ဗဟုသုတတွေ နည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဖုန်းလိုင်းဆက်သွယ်ရေးမရှိခြင်းနဲ့ ကျန်းမာရေးဝန်ထမ်းတွေ လုံလုံလောက်လောက်မရှိခြင်းတို့ကြောင့် ဒေသခံတွေအသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရပြီးဖြစ်ပါတယ်။

ထို့အတူပဲ ပြီးခဲ့တဲ့ ဇွန်လကလည်းပဲ နန်းယွန်းမြို့နယ် တံခါးကျေးရွာမှာ ရာသီတုပ်ကွေးဖြစ်ပြီးလူ လေးဦးသေဆုံးခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေရှိပေမဲ့ ဆေးလုံလောက်မှုမရှိတာကြောင့်ထိရောက်တဲ့ကုသမှုတွေမပြုလုပ်နိုင်ခဲ့ကြောင်း ဝမ်းနည်းစွာကြားသိရပါတယ်။ အခုအခါမှာလည်းပဲပန်ဆောင်မြို့ပေါ်အနီးတဝိုက်ကျေးရွာတွေမှာ ရာသီတုပ်ကွေးဝမ်းလျှောဝမ်းပျက်ဖြစ်နေပြီးတော့ဆေးကုသခံယူတဲ့လူနာများလို့ ဌာနကနေခွဲတမ်းချပေးတဲ့ဆေးတွေမလုံလောက်တော့တဲ့အတွက် ပြင်ပအလှူရှင်တွေ ပံ့ပိုးပေးထားတဲ့ ရှိရာဆေးနဲ့ကုသပေးနေရတဲ့အကြောင်း သိရှိရပါတယ်။ ဒီနေ့မနက်နောက်ဆုံးဆက်သွယ်ရတဲ့အထဲမှာ လောက်လိုင်ကျေးရွာမှာ အသက် ၁၀ နှစ်အောက်ကလေးတွေခန္ဓာကိုယ်မှာ ရေကြည်အဖုတွေဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြောပြလာတဲ့သတင်းအရကတော့ရေကျောက်ရောဂါဖြစ်ကြောင်း သိရှိရပါတယ်။ နန်းယွန်းမြို့ပေါ်မှာလည်း လူနာတွေတစ်နေ့ပြီးတစ်နေ့များလာတယ်လို့ သိရပါတယ်။ ဆရာဝန်တွေကတော့ သာမန်တုပ်ကွေးဖျားနာတာပဲလို့ ပြောပေမဲ့အချိန်မီဆေးကုသပေးဖို့ လိုအပ်နေပါတယ်။ ဆေးရုံမှာဆေးတွေမရှိတော့လို့ ဒေသခံပြည်သူတွေဟာမြို့ပေါ်ကပြင်ပဆေးဆိုင်တွေမှာ ပါရာစီတမောလ်၊ ဘာမီတွန်ဆေးပြားတွေကအစ ဝယ်ယူနေကြရတယ်လို့ကျွန်တော်တို့ ကြားသိနေရပါတယ်။ ဒါကြောင့် ကုသရေးအတွက် လိုအပ်တဲ့ဆေးတွေအချိန်မီရောက်ရှိနိုင်ရေးဆောင်ရွက်ပေးဖို့လည်း အထူးတင်ပြလိုပါတယ်။

ကျွန်တော်တို့ နာဂဒေသဟာ အိန္ဒိယနိုင်ငံနှင့်ထိစပ်နေတဲ့ နယ်စပ်ဒေသဖြစ်တဲ့အတွက်ကြောင့်မို့လို့ တစ်ဖက်နိုင်ငံကနေတစ်ဆင့် ရောဂါတွေကူးစက်နိုင်ခြေ ပိုများပါတယ်။ ဒီ့အပြင် အထက်မှာဖော်ပြခဲ့သလို ဝေးလံခေါင်သီတဲ့ဒေသက ကျေးလက်နေပြည်သူတွေအတွက် ထိရောက်တဲ့ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေဟာ ယခုအထိတိုင် အားနည်းနေဆဲဖြစ်နေပါသေးတယ်။ ဒါကြောင့်အခုလိုရာသီကူးစက်နိုင်ရောဂါနှင့် ပတ်သက်ပြီး လူစုလူဝေးများရှိတဲ့ နေရာများ၊ မြို့ကြီးပြကြီးများ

အပြင် ဝေးလံခေါင်ဖျားတဲ့ ဒေသကနေ ပြည်သူများအထိပါ ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါမယ်။ ၁၂ နာရီမှာ ပြန်လည်စတင်ကျင်းပမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီရှင်။

အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီရှင်။

**ဥက္ကဋ္ဌ။** ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ အခုကျွန်မက ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်းရဲ့အရေးကြီးအဆိုမှာ ကျန်းမာရေး အရေးကိစ္စတွေဆိုရင် တက်ကြွစွာပါဝင်ဆွေးနွေးလေ့ရှိတဲ့ ကျွန်မရဲ့ရပ်တည်ချက်အရ ပါဝင်ထောက်ခံ ဆွေးနွေးသွားအုံးမှာဖြစ်ပါတယ်။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရှင်သန်နေထိုင်တဲ့ကမ္ဘာကြီး မှာ မမေးသင့် မမေးအပ်တဲ့အကြောင်းရင်းတွေထဲမှာ တကယ်တော့ Virus ပိုးတွေဟာလည်း အပါအဝင်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ လူသားနဲ့ Virus ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ တချို့အချိန်တွေဟာ ကမ္ဘာမြေအတွက် တကယ်ပဲ ထိတ်လန့်စရာကောင်းခဲ့လို့ဖြစ်ပါတယ်။ ဥပမာ အနေနဲ့ဆိုလို့ရှိရင် ဒါ ကျွန်မတို့ ၂၀ ရာစုတစ်စုတည်းမှာကို လူသန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့ ကျောက်ကြီးရောဂါ၊ နောက် ကျွန်မတို့ဒါ ၁၉၅၀ ပြည့်နှစ်တုန်းက ကိုရီးယားစစ်ပွဲကာလအတွင်းမှာ ဖြစ်ခဲ့တဲ့ ပလိပ်ရောဂါ၊ နောက် ကျွန်မတို့ ၁၉၁၈ ခုနှစ်တုန်းက တွေ့ခဲ့ရတဲ့ စပိန်တုပ်ကွေးတွေပဲ ဖြစ်ပါတယ်။ ဒီဥပမာတွေကတော့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ကိစ္စတွေဖြစ်ပြီးတော့ ကျွန်မတို့ဒီဘက်

၂၀၀၀ ပြည့်နှစ်အလွန်မှာလည်း ကြုံခဲ့ရပြန်ပါတယ်။ ဥပမာအနေနဲ့ဆိုရင် ကျွန်မတို့ဒါ ၂၀၁၂ ခုနှစ်တုန်းက Mars ရောဂါ၊ ၂၀၁၄ ခုနှစ် မှာ တစ်ကျော့ပြန်လာတဲ့ အီဘိုလာ၊ နောက် ၂၀၁၆ ခုနှစ်မှာ ဇီကာတွေပဲဖြစ်ပါတယ်။ အဲဒီလိုဆိုတော့ ကျွန်မတို့နိုင်ငံအနေနဲ့ ပြောရမယ်ဆိုရင် ၂၀၁၆ ခုနှစ်က တွေ့ခဲ့ရတဲ့ ဇီကာဟာ မြန်မာနိုင်ငံအတွက်ဆိုရင် အင်မတန်မှစိုးရိမ်ပူပန်စရာကောင်းပါတယ်။ ဘာကြောင့်လဲ။ ဇီကာကိုသယ်ဆောင်လာတဲ့ ခြင်ကျားအမျိုးအစားဟာ ကျွန်မတို့နိုင်ငံမှာ ဟိုးအရင်ကတည်းက ပေါပေါများများရှိနေပြီးဖြစ်တဲ့ သွေးလွန်တုပ်ကွေးရောဂါကိုဖြစ်စေတဲ့ခြင်နဲ့ အမျိုးအစားအတူတူပဲမို့ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းကတော့ ကျွန်မတို့နိုင်ငံအနေနဲ့၊ ပြည်သူလူထုအနေနဲ့ကလည်း သိပ်သတိမထားမိလိုက်ဘူး။ ကျွန်မတို့ ကြိုတင်ကာကွယ်မှု အစီအမံတွေလည်းလုပ်တယ်။ ကျွန်မတို့နိုင်ငံဟာ ကံလည်းကောင်းလှစွာဖြင့် အဲဒီအချိန်အခါကိုတော့ ကျွန်မတို့အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အခု ဒီ Influenza ဗိုင်းရပ်ကြောင့်ဖြစ်တဲ့ ရာသီတုပ်ကွေးမှာတော့ ပြည်သူလူထုကလည်း ပိုပြီးတော့သတိထားမိလာတယ်။ ကျွန်မတို့ ဒီနေ့ဒီလိုဆွေးနွေးကြပါတယ်။ ဒါဟာ ကျွန်မတို့ဆန်းစစ်ကြည့်မယ်ဆိုလို့ရှိရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒါအစိုးရသက်တမ်းကာလတစ်ခုတည်းမှာပဲ တွေ့ကြုံရတဲ့ မတူညီတဲ့ ရောဂါပိုးနှစ်ခုရဲ့ မတူညီတဲ့စိန်ခေါ်မှုနဲ့ မတူညီတဲ့အတွေ့အကြုံနှစ်ခုပဲဖြစ်ပါတယ်။ အဲဒီလိုဆိုတော့ ကျွန်မတို့က ကမ္ဘာ့နိုင်ငံတကာမှာ ဒီရာသီ၊ ဒီအချိန်ရောက်လို့ရှိရင် ဒီလိုပဲ လူဦးရေငါးသိန်းလောက်ဟာ တုပ်ကွေးကြောင့်ဖျားနာတယ်ဆိုတာကိုလည်း ကျွန်မတို့က သိရှိနားလည်ထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့အနေနဲ့ကလည်း ကျွန်မတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးမှာကိုပဲ ကျွန်မတို့က နိုင်ငံတကာကိုမီစေလိုမှာဖြစ်ပြီးတော့ ဒီလိုမျိုးကူးစက်ရောဂါနဲ့ပတ်သက်ရင်တော့ ကျွန်မတို့ အဲဒီလိုသဘောထားမျိုး မရှိပြန်ပါဘူး။ ဒါပေမဲ့ ကျွန်မတို့ဒီလိုအကြောင်းအားမလျော်စွာ အကယ်၍ ဖြစ်လာခဲ့ပြီဆိုလို့ရှိရင်လည်း ကျွန်မတို့အနေနဲ့ ကိုယ့်နိုင်ငံကို ရောက်တဲ့နေရာကပဲ အကောင်းဆုံးလျှောက်ဖို့ ကျွန်မတို့ အားပေးတိုက်တွန်းမှာပဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒီရာသီတုပ်ကွေးအတွက်ဆိုလို့ရှိရင် ကျွန်မတို့ပြည်သူလူထုကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ပံ့ပိုးကူညီမှု ကျွန်မတို့ဘာလုပ်ပေးရမှာလဲ။ ကျွန်မတို့ အကောင်းဆုံးဘာတွေပေးရမှာလဲ။ ကျွန်မတို့တခြားမရှိပါဘူး။ ရှေ့မှာ ကျွန်မတို့ကိုယ်စားလှယ်တွေဆွေးနွေးသွားခဲ့သလိုပါပဲ။ ကျွန်မတို့ပြည်သူလူထုကို ဒီရောဂါရဲ့ ရောဂါလက္ခဏာတွေကို ကြိုတင်သိရှိထားဖို့ရယ်။ ဒီရောဂါကာကွယ်ရမယ့် ရိုးရှင်းတဲ့နည်းလမ်းတွေကို ပြည်သူနားလည်လွယ်တဲ့၊ မှတ်မိလွယ်တဲ့

စကားလုံးများနဲ့ အထပ်ထပ်အခါခါ ပညာပေးဖို့ပဲဖြစ်ပါတယ်။ ဒါ ပထမဦးဆုံး အရေးကြီးဆုံးအချက် ဖြစ်ပါတယ်လို့ ကျွန်မက တိုက်တွန်းပြောကြားလိုပါတယ်။

အဲဒီတော့ ဒုတိယအချက်အနေနဲ့က ကျွန်မတို့အခုဆိုလို့ရှိရင် ဒီရာသီတုပ်ကွေးနဲ့စပ်လျဉ်းပြီးတော့ ကျွန်မတို့ပြည်သူလူထုမှာ ကျွန်မတို့ ဟိုးအရင်ကတည်းက လိုလားခဲ့တဲ့ အလေ့အကျင့်ကောင်း တစ်ခုကို ပြုလုပ်လာတာကိုလည်း ကျွန်မတို့ မြင်ရပါတယ်။ အဲဒါကတော့ လက်ဆေးခြင်းပဲဖြစ်ပါတယ်။ ကျွန်မတို့ကမ္ဘာမှာ လက်မဆေးခြင်းကြောင့်ဖြစ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါပိုးကြောင့် ကျွန်မတို့နှစ်စဉ် ငါးနှစ်အောက်ကလေး သိန်းနဲ့ချီပြီးတော့ သေဆုံးနေရတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ပြည်သူလူထုကို ဒီရာသီတုပ်ကွေးနဲ့စပ်လျဉ်းပြီးတော့ ဒီလက်ဆေးခြင်းအလေ့အကျင့်ကို နောင်အရှည် သဖြင့်လည်း ဆက်လက်ပြုလုပ်ကြဖို့ ကျွန်မက တစ်ပါတည်း တိုက်တွန်းစည်းရုံးစေလိုပါတယ်။ နောက် တတိယအချက်အနေနဲ့ ကျွန်မဆက်ပြီးတော့ ဆွေးနွေးစေလိုတာကတော့ ကျွန်မတို့က တကယ်ကတော့ ဒီနှစ်ဒီအချိန်မှာ ကျွန်မတို့နိုင်ငံမှာ ရာသီတုပ်ကွေးကိုစိုးရိမ်ကြပေမဲ့ တကယ်တမ်း ဒီနှစ်ဒီလိုအချိန်က ကျွန်မတို့စိုးရိမ်ခဲ့ကြတာက ကျွန်မတို့ နှစ်စဉ်ကမ္ဘာ့လူဦးရေ ၄၀ ရာခိုင်နှုန်းကူးစက်ခံခဲ့ရတဲ့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပါတယ်။ အဲဒီတော့ သွေးလွန်တုပ်ကွေးရောဂါဆိုတာကလည်း ခြင်ကြောင့်ဖြစ်တယ်။ ကမ္ဘာကြီးကလည်း တစ်စတစ်စပူနွေးလာတဲ့အလျောက် ကျွန်မတို့ကမ္ဘာမြေမှာ သွေးလွန် တုပ်ကွေးရောဂါကျဆင်းသွားစရာအကြောင်းကလည်း လုံးဝမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီနှစ်မှာ ရာသီတုပ်ကွေးကိုအာရုံစိုက်ရင်းနဲ့ ကျွန်မတို့ရဲ့ ကလေးတွေအတွက် သွေးလွန်တုပ်ကွေး ရောဂါကိုမေ့လျော့ပြီးတော့ ကျန်ရစ်မှာမျိုးကို လည်း မဖြစ်ပေါ်စေဖို့အတွက် ကျွန်မက မေတ္တာရပ်ခံပြီး သတိပေးတိုက်တွန်းချင်ပါတယ်။ နောက် ကျွန်မဆက်လက်ပြီး တိုက်တွန်းလိုတာက အခုလို ဝန်ကြီးဌာန အနေနဲ့ သွေးလွန်တုပ်ကွေးရောဂါလောက် ဖြစ်ပွားနှုန်းလည်းမများဘဲ၊ သွေးလွန်တုပ်ကွေးရောဂါ လောက် သေဆုံးနှုန်းလည်းမများတဲ့ ဒီလိုရာသီတုပ်ကွေးကို အခုလို တပ်လှန့်နှိုးဆော်ပြီး ပြည်သူလူထု ကို အသိပေးစည်းရုံးသလိုပဲ သွေးလွန်တုပ်ကွေးအပါအဝင် တခြားသောကူးစက်နှုန်းလည်းများတဲ့၊ သေဆုံးနှုန်းလည်းမြင့်မားနေတဲ့ တခြား Virus ရောဂါတွေအတွက်လည်း ကျွန်မတို့ အသိပညာပေး မှုတွေ၊ တပ်လှန့်နှိုးဆော်မှုတွေနဲ့ စည်းရုံးမှုတွေကိုလည်း ကျွန်မတို့ ပြုလုပ်ပေးစေလိုပါတယ်။ ဥပမာ အနေနဲ့ဆိုလို့ရှိရင် ကျွန်မ အထက်ကဆွေးနွေးခဲ့တဲ့ သွေးလွန်တုပ်ကွေးရောဂါအပြင် ကျွန်မတို့ နိုင်ငံမှာ နှစ်စဉ်လူဦးရေ ၅၀၀ ကနေ ၁၀၀၀ ကြားသေဆုံးနေတဲ့ တခြား Virus တစ်ခုလည်းရှိပါတယ်။ ဥပမာ အားဖြင့် ကျွန်မတို့ ဒါ

ခွေးရူးရောဂါဖြစ်တဲ့ Rabies ရောဂါဖြစ်ပါတယ်။ ဒီရောဂါဟာဆိုလို့ရှိရင် ကျွန်မတို့အိမ်နီးချင်းနိုင်ငံတွေမှာ သူ့ရဲ့သေဆုံးနှုန်းဟာ ၁၀ ယောက်အောက်ကိုရောက်နေပါပြီ။ ကျွန်မတို့နိုင်ငံကတော့ ရာနဲ့ချီ၊ ထောင်နဲ့ချီပြီး ရှိနေတုန်းပဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာ ကာကွယ်လို့ရတဲ့ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ရောဂါတွေလည်းရှိတယ်ဆိုတာကိုလည်း ကျွန်မက ဒါတွေအတွက်ပြုလုပ်ဖို့ရာကိုလည်း ကျွန်မတို့လိုအပ်နေသေးတယ်ဆိုတာကိုလည်း ဒီကိစ္စနဲ့စပ်လျဉ်းပြီးတော့ ကျွန်မက အကြံပြုတိုက်တွန်းလိုပါတယ်။

နောက် ကျွန်မဆက်လက်ပြီးတော့ နိဂုံးချုပ် အနေနဲ့ပြောချင်တာကတော့ ကျွန်မတို့ဒီလိုမျိုး ရာသီတုပ်ကွေးအပါအဝင် ကူးစက်ရောဂါဆိုတာ ကမ္ဘာနိုင်ငံတွေမှာ ဆင်းရဲ၊ ချမ်းသာ၊ မျက်နှာကြီး/ငယ်နိုင်ငံမရွေး ဒါဖြစ်ပွားတတ်တဲ့ သဘောသဘာဝ ပဲရှိပါတယ်။ ကျွန်မတို့ ဆိုလိုချင်တာက ဒါသည် လူသားနဲ့ရောဂါပိုး ရင်ဆိုင်ကြုံတွေ့ စစ်ခင်းရတဲ့အခြေအနေပဲဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတစ်နိုင်ငံရဲ့ အားနည်းချက်တစ်ရပ်မဟုတ်သလို အားသာချက်တစ်မျှင်လည်းမဟုတ်ပါဘူး။ ဒါပေမဲ့ ဖြစ်ပွားတဲ့နိုင်ငံက ဒီကူးစက်ရောဂါပိုးကို အောင်မြင်အောင်တားဆီး၊ ကာကွယ်၊ ရပ်တန့်နိုင်ခဲ့ပြီဆိုရင်တော့ ဒါဟာ အဲဒီနိုင်ငံရဲ့ အားသာချက်တစ်ခုလည်းဖြစ်သလို အဲဒီနိုင်ငံမှာရှိတဲ့ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းများအားလုံးအတွက်လည်း ဂုဏ်တက်ဖွယ်ရာ တစ်ခုဖြစ်သလို နိုင်ငံသူနိုင်ငံသားတွေအားလုံး အတွက်လည်း အောင်မြင်မှုဖြစ်တဲ့အတွက် အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့လို့ ကျွန်မက တိုက်တွန်းရင်းနဲ့ ဒီအဆိုမှာ ပါဝင်ထောက်ခံဆွေးနွေး လိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းသော ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စ်ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော

ဥက္ကဋ္ဌကြီးခင်ဗျား။ တုပ်ကွေးရောဂါဆိုတာ နှာချေခြင်း၊ ချောင်းဆိုးခြင်းနဲ့ လေထဲကတစ်ဆင့် လျင်မြန်စွာကူးစက်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးဖြစ်ပါတယ်။ တုပ်ကွေးဗိုင်းရပ်ကို အဓိကအားဖြင့် Influenza A ၊ Influenza B နဲ့ Influenza C ဆိုပြီး မျိုးကွဲသုံးမျိုးရှိပါတယ်။ Influenza A ဗိုင်းရပ်ပိုးဟာ လူ၊ ကြက်၊ ငှက်၊ ဝက်၊ မြင်းနဲ့ ပင်လယ်ရေနေနို့တိုက်သတ္တဝါတို့မှာ ရောဂါဖြစ်ပွားစေနိုင်ပါတယ်။ တုပ်ကွေးရောဂါ Virus ပိုးများဟာ အသွင်ကူးပြောင်းရန်လွယ်ကူပြီး လျင်မြန်ပါတယ်။ ကူးစက်ခံရသူရဲ့ ကိုယ်ခံအားအနည်းအများပေါ်တွင် မူတည်ပြီး ရောဂါလက္ခဏာပြောင်းလဲစေပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာဖြစ်ပွားနေသော H1N1 ရာသီတုပ်ကွေးရောဂါနှင့် H5N1 ကြက်ငှက်တုပ်ကွေးရောဂါများဟာ Influenza A ရဲ့ မျိုးကွဲများဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရာသီတုပ်ကွေးရောဂါပိုးကို ဖြစ်ပွားခဲ့ဖူးခြင်းရှိပါတယ်။ ရောဂါဖြစ်ပွားသူ ၄၅၆ ဦးရှိခဲ့တယ်လို့လည်း သိရှိရပါတယ်။ ယခုနှစ် ဇူလိုင်လ ကျွန်တော်တို့နိုင်ငံမှာ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ H1N1 ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း သိရှိရပြီးတော့ ၂၀-၇-၂၀၁၇ ရက်နေ့မှ ၃၀-၇-၂၀၁၇ ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူ ၆၂ ဦးရှိပါတယ်။ ဒီအထဲမှာ သေဆုံးသူ ၁၂ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောစာရင်းများအရ သိရှိရပါတယ်။ တုပ်ကွေးရောဂါထိန်းချုပ်ကာကွယ်ရန်အတွက် ပြည်သူများလိုက်နာရန်လိုအပ်သော စည်းကမ်းချက်များကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သေသေချာချာထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ လက်ကို စင်ကြယ်စွာဆေးကြောခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်း၊ အာဟာရပြည့်အစားအစာများစားသုံးခြင်း၊ လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်းနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခုဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါဟာ ကပ်ရောဂါအသွင်အဆင့်မဟုတ်ပါဘူး။ ကျွန်တော်တို့အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှာလည်း ဒီရောဂါဖြစ်ပွားနေကြောင်း သိရှိရပါတယ်။ အခြေအနေကိုစောင့်ကြည့်ပြီး စနစ်တကျကာကွယ်ထိန်းချုပ်ရန် လိုအပ်ပါတယ်။ ပြည်သူများ လိုက်နာဆောင်ရွက်တတ်စေရန်နှင့် လိုက်နာဆောင်ရွက်ကြစေရန်ကိုလည်း အားလုံးဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် လက်ကိုစင်ကြယ်အောင်ဆေးကြောခြင်းများ ကူးစက်ရောဂါထိန်းချုပ်ကာကွယ်ရေးကို ပိုမိုထိရောက်စေကြောင်း ပြည်သူများသိရှိလိုက်နာစေရန် လုပ်ဆောင်ကြရပါမယ်။ ရောဂါကူးစက်မှုအခြေအနေနှင့်

ရောဂါဖြစ်ပွားမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ပြည်သူများသိရှိစေခြင်းဖြင့် ရောဂါကာကွယ် ထိန်းချုပ်ခြင်းကို ပိုမိုထိရောက်စေမှာဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ Influenza A ရဲ့မျိုးကွဲတစ်ခုဖြစ်သော H5N1 ကူးစက်ရောဂါဖြစ်ပွားသောနေရာများကိုလည်း Infected Area ရောဂါဖြစ်ပွားသောနေရာ၊ Restricted Area ရောဂါကူးစက်နိုင်သောဧရိယာ၊ Control Area ကန့်သတ်ဧရိယာများ သတ်မှတ်ကာ စနစ်တကျ ရောဂါကာကွယ်ထိန်းချုပ်ဖို့ လိုအပ်ပါတယ်။ ရောဂါမဖြစ်ပွားသော H5N1 ကူးစက်ရောဂါဖြစ်ပွားခြင်းမရှိသောနေရာများကိုတော့ မွေးမြူရေးထုတ်ကုန်များကို ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း၊ ထိန်းချုပ်ခြင်းများဆောင်ရွက်ရန် မသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း အဆိုရှင် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းရဲ့အရေးကြီးအဆိုကို အကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပြီးတော့ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတင်ပြတဲ့ H1N1 ရာသီတုပ်ကွေးနဲ့ပတ်သက်တဲ့အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဇူလိုင်လ ၂၄ ရက်နေ့မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကနေပြီးတော့ H1N1 ဖြစ်ပွားနိုင်ခြေရှိတဲ့အကြောင်းကို စတင်ပြီးတော့ ထုတ်ပြန်လာခဲ့တာ ဖြစ်ပါတယ်။ ဒီလိုထုတ်ပြန်တဲ့အခါမှာလည်းပဲ မူလထဲကဆောင်ရွက်နေတဲ့ Sentinel Surveillance လို့ခေါ်တဲ့ Influenza Surveillance လုပ်ငန်းတွေကို ဆောင်ရွက်ပြီးတော့မှ ဖြစ်ပွားလာတဲ့ အခြေအနေကို စနစ်တကျလေ့လာသုံးသပ်ပြီးတော့မှ တင်ပြလာခြင်းဖြစ်ပါတယ်။ ဒီလိုတာဝန်ခံမှု တာဝန်ယူမှုအပြည့်အဝနဲ့ ပွင့်ပွင့်လင်းလင်းတင်ပြလာတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ကျွန်တော့်အနေနဲ့ ဂုဏ်ပြုလိုပါတယ်။ ခေတ်အဆက်ဆက် သတင်းအမှောင်ချခြင်းခံနေရတဲ့ ကျွန်တော်တို့တိုင်းပြည်မှာ ဖြစ်ပေါ်လာနိုင်တဲ့ကိစ္စအဝဝကို တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝနဲ့ တင်ပြလာတာဖြစ်တဲ့အတွက် အခုအဆိုဟာ ဖြစ်လာခြင်းဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုတင်ပြလာတဲ့အပေါ်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဟာ သူတစ်ဦးတစ်ယောက်ထဲနဲ့ ဆုံးဖြတ်တာမဟုတ်ပါဘူး။ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Flu Net Global Influenza Surveillance System စသည့်အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းသလို

အမေရိကန်နိုင်ငံက USCDC- Centre of Disease Control အာဆီယံနှင့် FETP လို့ခေါ်တဲ့ Field Epidemiology Training Program၊ MBDS လို့ခေါ်တဲ့ မဲခေါင်ဒေသ Health Security Project စတဲ့အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ပြီးတော့မှ ဒါတွေကို အတည်ပြုအသိပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုအသိပေးတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ပတ်ဝန်းကျင်ခြောက်နိုင်ငံမှာလည်းပဲ H1N1 တုပ်ကွေးဟာ ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ သို့သော် တခြားနိုင်ငံတွေမှာတော့ ဘာမှလှုပ်ရှားဆောင်ရွက်တာမတွေ့ဘဲနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေကို တာဝန်ခံမှုအပြည့်နဲ့ တင်ပြရတာဖြစ်တဲ့အတွက် အများကြီးပဲကျေးဇူးတင်ပါတယ်။ ဒီလိုတင်ပြတဲ့အခါမှာလည်းပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ အကြောက်မလွန်ဖို့လည်းလိုပါတယ်။ လက်ရှိ Pandemic လို့ခေါ်တဲ့ တိုင်းပြည်အတွင်းမှာ ဖြစ်ပေါ်လာနေတဲ့ အခြေအနေသာဖြစ်ပါတယ်။ Epidemic လို့ခေါ်တဲ့ ကပ်ရောဂါအခြေအနေမဟုတ်ဘဲနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ Outbreak ဆိုတဲ့စကားလုံးနဲ့သုံးပြီးတော့ ကျွန်တော်တို့ ဒါကို အတည်ပြုထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ သို့သော်လည်း အထိတ်တလန့်ဖြစ်အောင်၊ အလန့်တကြားဖြစ်အောင် ဆောင်ရွက်စရာအကြောင်း မရှိပါဘူး။ ကျေးဇူးပြုပြီးတော့ Power Point တင်ပြခွင့်ပြုပါ။

ဒါကတော့ ကျွန်တော်တို့နိုင်ငံမှာ တုပ်ကွေးနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ CEU လို့ခေါ်တဲ့ဌာနကနေပြီးတော့ တာဝန်ယူဆောင်ရွက်နေတဲ့ Flow Diagram ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ရရှိတဲ့သတင်းအချက်အလက်တွေကို ပြည်သူတွေ၊ INGO, NGO တွေနဲ့ မီဒီယာတွေပါ အကုန်လုံးပူးပေါင်းပြီးတော့ ဆောင်ရွက်နေတဲ့အနေအထားလေးကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ ၂၀၀၅ ခုနှစ်ကတည်းက တုပ်ကွေးနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန CEU ကနေပြီးတော့ လေ့လာသုံးသပ်ပြီး အမြဲတမ်းအဆက်မပြတ် စောင့်ကြပ်လေ့လာကြည့်ရှုနေတဲ့ သတင်းအချက်အလက်များကို တင်ပြခြင်းပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဖြစ်ပေါ်လေ့ရှိတဲ့ တုပ်ကွေးရောဂါ Seasonal Influenza ရဲ့ဖြစ်ရိုးဖြစ်စဉ်ပုံစံကို ပြထားတဲ့ Graph တစ်ခုဖြစ်ပါတယ်။ ထုံးစံအတိုင်းပဲ အေးတဲ့ရာသီဥတုတွေဖြစ်တဲ့ မိုးတွင်းကာလများနှင့် ဆောင်ဦးကာလများမှာ ကျွန်တော်တို့ရဲ့တိုင်းပြည်မှာ အဖြစ်များတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ အစောကတင်ပြပြီးသွားတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ၂၈-၇-၂၀၁၇ ရက်မြောက်နေ့မှာပါတဲ့ ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ဖြစ်ပါတယ်။ ဒီထဲမှာခေါင်းစဉ် ၁၇ ခုပါဝင်ပြီးတော့ ပြည့်ပြည့်စုံစုံဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒါကတော့ ကမ္ဘာ့

ကျန်းမာရေးအဖွဲ့ ကျွန်တော်တို့ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ တစ်ကမ္ဘာလုံးမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေမှာ ကျွန်တော်တို့နိုင်ငံအတွက်ကို မျဉ်းသားထားတဲ့နေရာမှာ Widespread Outbreak ဆိုတာလေးတစ်ခုပဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုထားပြီး Epidemic ဆိုတဲ့စလုံးကို သုံးမထားဘူးဆိုတာလေးကို ကျွန်တော်တို့တင်ပြခြင်းဖြစ်ပါတယ်။ ဘေးနိုင်ငံတွေမှာလည်းပဲ ဖြစ်ပွားနေတာရှိပါတယ်။ အထူးသဖြင့်တော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာဆို အများကြီး သုံးထောင်ကျော်လောက်ဖြစ်နေတာဖြစ်တယ်။ အိန္ဒိယမှာလည်း ရာချီပြီးတော့ ဖြစ်နေတာတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ထပ်လောင်းတင်ပြချင်တာကတော့ ဒီလိုပြည်သူလူထုကို အသိပေးတဲ့အခါမှာ လိုအပ်တာထက်ပိုပြီးတော့ အထိတ်တလန့်ဖြစ်အောင် ဆောင်ရွက်ဖို့မသင့်ဘူးဆိုတာလေးကိုလည်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါကတော့ ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် ကျွန်တော်တို့အရေးကြီးဆုံးကတော့ ကိုယ့်ကိုယ်ကိုကာကွယ်ဖို့နဲ့၊ ကိုယ့်ကိုယ်ကိုတာဝန်ယူဖို့ ဖြစ်ပါတယ်။ အားလုံးပြောနေကြတဲ့ လက်ဆေးရမယ့်ကိစ္စပဲဖြစ်ပါတယ်။ ဒါကတော့ ချောင်းဆိုးရင်၊ နှာချေလို့ရှိရင် နှာခေါင်း၊ ပါးစပ်ကလေးကိုပိတ်ပြီးတော့ ချောင်းဆိုး၊ နှာချေဖို့ဖြစ်ပါတယ်။ လူစုလူဝေးနဲ့ဝေးဝေးမှာနေပါဆိုတဲ့ အကြံပြုချက်ဖြစ်ပါတယ်။ ဒီအကြံပြုချက်ကိုလိုက်နာပြီးတော့လည်း တောင်ပြုံးပွဲတော်ကြီးကိုလည်း ခေတ္တရွှေ့ဆိုင်းထားတာဖြစ်ပါတယ်။ ဒါကတော့ အိမ်မှာ တကယ်လို့များ ဖျားမယ့်နာမယ့်လူရှိလို့ရှိရင် သူနဲ့ဝေးဝေးနေဖို့ဖြစ်ပါတယ်။ ဝင်လိုက်ထွက်လိုက်လုပ်ဖို့မလိုဘဲနဲ့ သူ့ဟာသူသီးသန့်လေးနေလိုက်လို့ရှိရင် ကျန်တဲ့လူတွေကူးစက်မှုမရှိဘူးဆိုတာလေးကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ မိမိရဲ့နှာချေတဲ့ လက်ကိုင်ပုဝါ၊ စက္ကူစုတ် စသည်ဖြင့် ဒီလိုကိစ္စတွေကို Proper Waste Deposal လို့ခေါ်တဲ့ သန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ်စွန့်ပစ်ဖို့ အကြံပြုထားတာဖြစ်ပါတယ်။ ဒီအကြံပြုချက်ဟာဆိုလို့ရှိရင် နိုင်ငံတကာမှာရှိတဲ့ ကျန်းမာရေးအဖွဲ့အစည်းများအားလုံး လိုက်နာဆောင်ရွက်နေတဲ့ အကြံပြုချက်များဖြစ်ပါတယ်။ ရပါပြီခင်ဗျား။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမှာတင်ပြလိုတာကတော့ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီးတော့ ဘယ်အဖွဲ့အစည်းရဲ့ဖိအားကြောင့်မှမဟုတ်ဘဲ မိမိတာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်တယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့လုပ်ဆောင်ချက်များကို မှတ်တမ်းတင်သင့်ပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော် ပဲဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မှာ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်းတင်သွင်းတဲ့အရေးကြီးအဆို ကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်နှင့် English ဘာသာစကား အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။ ကျွန်တော့်ဆွေးနွေးချက်ရဲ့ ပထမပိုင်းအနေနဲ့ Seasonal Influenza A(H1N1)pdm 09 အကြောင်း အနည်းငယ်တင်ပြပါရစေ။ ဒီ Influenza A(H1N1) ဆိုတာ အခုမှပေါ်ပေါက်လာတဲ့ Virus အမျိုးအစားသစ်မဟုတ်ပါဘူး။ ယခင်ကတည်းကနေ မရှိခဲ့တဲ့၊ လူကိုဒုက္ခမပေးခဲ့တဲ့ Virus ကနေ လူကိုစပြီးကူးစက်ဒုက္ခပေးလာတဲ့ အဲဒီ Virus Strain ကို Nobel Virus လို့ခေါ်ပါတယ်။ ဒီ Soil Origin ဖြစ်တဲ့ အရင်တုန်းက ဝက်တုတ်ကွေးလို့ခေါ်ခဲ့တဲ့ Nobel Virus ကနေ ၂၀၀၉ ခုနှစ်မှာ တစ်ကမ္ဘာလုံးကို ကပ်ရောဂါအသွင် ကူးခတ်ခဲ့ပြီးတော့ Pandemic ဖြစ်ခဲ့လို့ သူ့ကို pdm 09 လို့ခေါ်ခဲ့တာ။ အဆိုပါ ၁၇၀၀၀ ကျော် သေဆုံးခဲ့တဲ့ ကပ်ရောဂါ အသွင်ကူးစက်မှုဟာ ပြီးဆုံးခဲ့ပြီလို့ ၂၀၁၀ ခုနှစ် ဩဂုတ်လမှာ WHO ကအတိအလင်းကြေညာခဲ့ ပါတယ်။ ယခုအခါမှာ ဒီ H1N1 ဟာ ရာသီတုပ်ကွေးလို့ခေါ်တဲ့ Seasonal Influenza အဆင့်သာ ရှိပြီးတော့ မိုးဦးရာသီနဲ့ မိုးအကုန်ဆောင်းအဝင်ရာသီဥတုတွေမှာ နှစ်တိုင်းဖြစ်တတ်တဲ့ တုပ်ကွေး အမျိုးအစားဖြစ်ပါတယ်။ ယခုဖော်ပြပါ NIC-National Influenza Centre က ဇယားကိုကြည့်လိုက် လို့ရှိရင် နှစ်အလိုက် တုပ်ကွေးဖြစ်ပွားမှုကိုတွေ့ရမှာဖြစ်ပြီး ၂၀၁၀ နှင့် ၂၀၁၄ ခုနှစ်မှာ H1N1 ရောဂါ တွေ့ရှိမှုက ယခုနှစ်ထက်ပိုမိုများပြားခဲ့တာကို ရှင်းလင်းစွာတွေ့နိုင်ပါတယ်။ ဒီ H1N1 ရောဂါကူးစက် ခံရသူအများစုဟာ ရောဂါပြင်းထန်မှုမရှိဘဲနဲ့ တစ်ပတ်အတွင်းပြန်လည်သက်သာနိုင်ပြီးတော့ တစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသာ ဆေးရုံတက်ရန် လိုအပ်တတ်ပါတယ်။ ထိုရောဂါ ဆေးရုံတက်သူ များထဲကမှ နှစ်ရာခိုင်နှုန်းကနေ ကိုးရာခိုင်နှုန်းထိ သေဆုံးနိုင်တယ်လို့ဆိုပါတယ်။ ဒီအချက်ကိုကြည့်လို့ ရှိရင် ကျွန်တော်တို့ ကူးစက်ခံရသူရဲ့ကိုယ်ခံစွမ်းအားဟာ အင်မတန်အရေးကြီးပါကြောင်း ထင်ရှား ပါတယ်။ ထို့အပြင် ရောဂါနဲ့နောက်ဆက်တွဲဆိုးကျိုးများကို သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ ခုခံအားကျဆင်းမှုရောဂါဝေဒနာရှင်များ၊ ဆေးကုသသူများ အစရှိသော High Risk အုပ်စုက ပိုလို့ဆိုးရွားစွာခံစားရတတ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ယခု လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါသေဆုံးခဲ့သူများမှ ကိုယ်ဝန်အဆိပ်တတ်သူ၊ ကလေး သူငယ်များနှင့် အခြားရောဂါများပါ ယှဉ်တွဲခံစားသူများ ပါဝင်နေတာကို သတိပြုသင့်ပါတယ်။ ဒီ

H1N1 ဟာ နှာချေ၊ ချောင်းဆိုးလို့ လေထဲကကူးစက်တတ်တယ်ဆိုပေမဲ့ သူက 5 Micro အထက်ကြီးတဲ့ အမှုန်ကြီးထွက်တဲ့တုပ်ကွေး အမျိုးအစားဖြစ်ပါတယ်။ ဒီ H1N1 ဟာ ဥပမာ - ဝက်သက်ရောဂါ ပိုးလို 5 Micro ထက်သေးပြီးတော့ အမှုန်သေးထွက်ပြီးတော့ အဲဒီအမှုန်လေးတွေက လေဟုန်စီးပြီး တော့ ဟိုးအဝေးကြီးထိ ပြန့်နှံ့ကူးစက်တတ်တဲ့အမျိုးအစားမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အမေရိကန် ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့က သာမန်လူတွေအတွက် မဖြစ်မနေမျက်နှာဖုံးတပ်ပါ။ Mask တပ်ပါလို့ တိုက်တွန်းလေ့မရှိပါဘူး။ ကျန်းမာရေးနှင့်ညီညွတ်တဲ့အစားအသောက်စားဖို့ တိုက်တွန်းပါ တယ်။ ရောဂါပိုးပါတဲ့အစက်တွေဟာ အဝေးမပျံ့ဘဲ အောက်ကျပြီးတော့ လက်နဲ့ထိတွေ့ကူးစက် တတ်တဲ့အတွက် လက်ကိုမကြာခဏဆေးဖို့က အဓိကအရေးကြီးဆုံးအချက်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ လည်း ဆေးဝန်ထမ်းများနဲ့လူနာပြုစုသူများကတော့ N95 လို Mask အပါအဝင် PP လို့ခေါ်တဲ့ အခြားကာကွယ်ပစ္စည်းတွေ လိုအပ်တယ်ဆိုတဲ့အကြောင်း မျှဝေလိုက်ရပါတယ်။

ဒုတိယဆွေးနွေးမှုအနေနဲ့ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေနဲ့ ဝန်ကြီးဌာနရဲ့ Respond ကို ဆွေးနွေးလိုပါတယ်။ H1N1 ဟာ ယနေ့ထိ ကျွန်တော် လေ့လာမေးမြန်းသလောက်ကတော့ Outbreak အဆင့်လို့ ပြောလို့မရသေးပါဘူး။ ပြောရမယ်ဆိုရင် Impending Outbreak လို့ပဲပြောလို့ရပါမယ်။ ဝန်ကြီးဌာနအနေနဲ့လည်း WHO Guide Line တွေ၊ CDC, RHR Guide Line တွေနဲ့အညီရှိတဲ့ Resource ကိုသုံးပြီးတော့ အဆင့်လိုက်လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ အချိန်နှင့်တစ်ပြေးညီ သတင်းစာရှင်းလင်းခြင်း၊ Internet နှင့် Facebook စာမျက်နှာများ၊ သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှတစ်ဆင့် သတင်းထုတ်ပြန်ပေးနေတာကို တွေ့ရပါတယ်။ ဒီရောဂါဟာ ကူးစက်တဲ့ အနေအထားဖြစ်လို့ တမင်လူစုလူဝေးလုပ်ပြီးတော့ ရောဂါအကြောင်း ပညာပေးဟောပြောမှုမျိုးကို တတ်နိုင်သမျှရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ Outbreak မဟုတ်ပါဘဲနဲ့၊ မလိုအပ်ဘဲနဲ့ စိုးရိမ်လွန်ပြီး အကျယ်ချဲ့လျှင် Public Panic အရ ပြည်သူတွေအကြောက်လွန်ပြီး မလိုလားအပ်တဲ့နောက်ဆက်တွဲ ဆိုးကျိုးတွေရနိုင်လို့ သတိထားကိုင်တွယ်သင့်ပါတယ်။ ကမ္ဘာမှာအရေးပေါ်ကျန်းမာရေးသတင်းဆိုရင် WHO Website မှာ တင်ပြလေ့ရှိလို့ WHO Website မှာ Outbreak နဲ့ Emergency ကဏ္ဍမှာ ကျွန်တော်ဝင်ရောက်ကြည့်တော့ ဒီ H1N1 သတင်းကို တင်ထားတာမတွေ့မိပါဘူး။ အရေးကြီးတဲ့ WHO ကနေမယ့်အဖွဲ့အစည်းမဟုတ်ပါဘူး။ နောက်ပြီး WHO ရဲ့ဌာနေကိုယ်စားလှယ် ဒေါက်တာ စတီဗင်ပေါလ်ဂျို့စ်ကိုယ်တိုင်က ကျန်းမာရေးဝန်ကြီးဌာနရဲ့လုပ်ဆောင်ချက်က Pro-active ဖြစ် ကြောင်း၊ Up to Date ဖြစ်ကြောင်းနှင့် WHO နှင့်ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း ပြောဆိုခဲ့ပါတယ်။

ဒီ H1N1 ကိစ္စကိုကိုင်တွယ်ပုံက အရမ်းအရေးကြီးပါတယ်။ ဒီနေရာမှာ ဥက္ကဋ္ဌကြီးကိုယ်တိုင် လွှတ်တော်ထဲမှာပြောခဲ့သလိုပဲ ကျွန်တော်တို့ ဥပဒေရေးဆွဲရာမှာ ပညာရှင်များသင်ကြားခဲ့သလိုပဲ ဆေးပညာလောကမှာလည်း ဆရာကြီးဆရာမကြီးများက ဤသို့မိန့်ကြားခဲ့ပါတယ်။ ဆေးလောကမှာ သစ်ပင်တစ်ပင်ကြီးဆီကို အနုစိတ်ကြည့်တတ်ဖို့လိုသလို တောအုပ်ကြီးတစ်ခုလုံးကိုလည်း ခြုံငုံကြည့်တတ်ဖို့လိုတယ်လို့ ကျွန်တော်တို့ သင်ကြားခဲ့ပါတယ်။ ယခုကိစ္စမှာလည်း သစ်ပင်တစ်ပင်ချင်းတူတဲ့ ကူးစက်ခံလူနာ၊ ပြုစုသူမိသားစုဝင်၊ ကုသသူကျန်းမာရေးဝန်ထမ်းတစ်ဦးချင်းစီကို ကာကွယ်ကုသပေးဖို့လိုသလို သစ်တောတစ်အုပ်လုံးကြီးနဲ့တူတဲ့ တစ်နိုင်ငံလုံးကိုလည်း Bird eye View နဲ့ခြုံငုံကြည့်ကာ ဟန်ချက်ညီညီစီမံဖို့လိုအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစန်းသီတာခင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးစန်းသီတာခင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစန်းသီတာခင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းရဲ့အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။

ဥက္ကဋ္ဌကြီးရှင်။ ယနေ့မြန်မာနိုင်ငံရဲ့တိုင်းဒေသကြီးအချို့တွင်၊ ပြည်နယ်အချို့တွင်ဖြစ်ပွားနေတဲ့ ရာသီတုပ်ကွေးရောဂါ(Seasonal Influenza H1N1 pdm 2009)နဲ့ ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ(Severe Acute Respiratory Infection)များကို ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် ပညာရှင်များက စိုးရိမ်ဖွယ်ရာမရှိသေးဟုဆိုသော်လည်း ပြည်သူတစ်ဦးတစ်ယောက်အနေနှင့် စိုးရိမ်မကင်းဖြစ်နေရပါတယ်။ တုပ်ကွေးရောဂါပိုးဟာ ကူးစက်မြန်ပြီး ရာသီဥတုဖြစ်စဉ်ပြောင်းလဲမှုများ၊ ရောဂါပိုးမွှားရဲ့ဗီဇပြောင်းလဲမှုဖြစ်စဉ်များကြောင့် လူရဲ့ခုခံအားစနစ်မှမမှတ်မိတော့ဘဲ ပြင်းထန်ရောဂါလက္ခဏာများပေါ်ပေါက်လာပြီး အသက်ဆုံးရှုံးသည်အထိ ကြုံတွေ့နေရပါတယ်။ ထို့အပြင် ထိရောက်သော ပဋိဇီဝပိုးသတ်ဆေးလည်း မရှိသေးပါ။ ထို့ကြောင့် ရောဂါကူးစက်မှုကွင်းဆက်ဖြတ်တောက်ရန် သာ လိုအပ်ပါတယ်။ ပြည်သူလူထုအား စောစီးစွာကျန်းမာရေးအသိပညာပေးရန်လိုအပ်သကဲ့သို့ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ မှန်မှန်ကန်ကန်အချိန်နှင့်တစ်ပြေးညီ

ရရှိမှသာ ပြည်သူများ၏ ကျန်းမာရေး၊ လုံခြုံရေးအတွက် လိုအပ်သော တားဆီးကာကွယ်နည်းလမ်းများကို အချိန်မီဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တုပ်ကွေးရောဂါအကြောင်းနဲ့ဆွေးနွေးရမယ်ဆိုလျှင် ၁၉၁၈ ခုနှစ်နောက်ပိုင်းကာလမှာ ဖြစ်ပွားခဲ့တဲ့ကမ္ဘာ့လူတုပ်ကွေးရောဂါဘေး(Spanish Flu)ဟာ လူ့သမိုင်းမှာ သေကျေပျက်စီးမှုအများဆုံးနဲ့ လူသားလုံခြုံမှုအထိခိုက်ဆုံးဖြစ်ရပ်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါ တယ်။ ကမ္ဘာပေါ်ရှိ လူသန်းပေါင်း ၅၀၀ ခန့် ရောဂါဖြစ်ပွားခဲ့ပြီး လူသန်းပေါင်း ၅၀ မှ ၁၀၀ ခန့်အထိ သေကျေခဲ့ရပါတယ်။ သေကျေသူဦးရေမှာ ထိုစဉ်က ကမ္ဘာ့လူဦးရေ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းထိ ရှိသည်ဟု လေ့လာသူများက သုံးသပ်ခဲ့ကြပါတယ်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှာလည်း ဖြစ်ပွားခဲ့ပါတယ်။ ရောဂါစတင်ဖြစ်ပွားပုံမှာ တရုတ်ပြည်မှတစ်ဆင့် အမေရိကန်ပြည်ထောင်စု၊ ဘောစတွန်သို့ ရောက်ရှိ လာပြီး ထို့နောက် မဟာမိတ်တပ်သားများနှင့် သင်္ဘောသားများမှတစ်ဆင့် ဥရောပတိုက်သို့ ရောက်ရှိ ခဲ့ပါတယ်။ တုပ်ကွေးပျံ့နှံ့မှုကာလမှာ ၂၄ ပတ်သာကြာမြင့်ခဲ့သော်လည်း သေကျေပျက်စီးသူဦးရေမှာ ၂၄ နှစ်အတွင်း HIV/AIDS ရောဂါကြောင့် သေကျေသူထက် ပိုမိုများပြားခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော Influenza Virus H1N1 အမျိုးအစားသည် မူလက ဝက်များတွင်သာ နှစ်ပေါင်းများစွာဖြစ်ခဲ့ပြီး ၂၀၀၉ ခုနှစ်ကျမှ မက္ကစီကိုနိုင်ငံလူအများအတွင်း အလျင်အမြန်ကူးစက်ပျံ့နှံ့ကာ ကပ်ရောဂါအသွင်သို့ ရောက်ရှိခဲ့ပါတယ်။ ထိုသို့ရောက်ရှိစဉ် မက္ကစီကိုနိုင်ငံမှလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏လမ်းညွှန်ချက်များအား တိကျစွာလိုက်နာကျင့်သုံးခဲ့ပါတယ်။ ရောဂါမှန်/မမှန်စစ်ဆေးရန် ပတ်ဝန်းကျင်ရှိ အမေရိကန်ပြည်ထောင်စုကိုလည်း အကူအညီတောင်းခံခဲ့ပါတယ်။ ရောဂါကူးစက်ပြန့်ပွားမှုကိုထိန်းချုပ်ရန် ကျောင်းအားလုံးကိုပိတ်ခြင်း၊ အားကစားပွဲများဖျက်သိမ်းခြင်း၊ ဘာသာရေးအခမ်းအနားများဆိုင်းငံ့ခြင်း၊ ရောဂါဖြစ်ပွားနေသူများအား နေအိမ်အတွင်းမှမထွက်စေရန် ကြပ်မတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၀၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှာ H1N1 ရောဂါကပ်ဘေးအား ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေတစ်ခုအဖြစ်ကြေညာခဲ့ပြီး ကျွမ်းကျင်မှုအကူအညီများကိုလည်း ပေးအပ်ခဲ့ပါတယ်။ နိုင်ငံတကာလေဆိပ်များတွင်လည်း ရောဂါဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုနိုင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သော SARS ရောဂါကပ်ဘေးဟာဆိုရင် တရုတ်နိုင်ငံ(တောင်ပိုင်း)မှာ စတင်ဖြစ်ပွားခဲ့ပြီး နိုင်ငံပေါင်း ၃၇ နိုင်ငံသို့ပျံ့နှံ့ကာ လူဦးရေ ၈၂၇၇ ဦး ရောဂါဖြစ်ပွားပြီး ၇၅၅ ယောက် သေကျေပျက်စီးခဲ့ရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှထုတ်ပြန်တဲ့စာရင်းအရ ဟောင်ကောင်တွင်အများဆုံးဖြစ်ပြီး သေဆုံးနှုန်းမှာ ၉.၆ ရာခိုင်နှုန်းရှိပါတယ်။ သို့သော်လည်း ရောဂါစတင်ဖြစ်ပွားချိန်မှာ သက်ဆိုင်ရာဆေးရုံများမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အချိန်မီအကြောင်းကြားခြင်းမပြုဘဲ ဖုံးကွယ်မှုများ ပြုလုပ်ခဲ့သဖြင့် ကပ်ရောဂါထိန်းချုပ်မှုအစီအစဉ်များ နောက်ကျခဲ့ရပါတယ်။ ထို့ကြောင့် အဆိုပါဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းအမြောက်အမြားသည် ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများကို မလိုက်နာမကျင့်သုံးနိုင်မီ ရောဂါကူးစက်ခံရသဖြင့် သေဆုံးခဲ့ကြရပါတယ်။ ယခုအခါ အိန္ဒိယနိုင်ငံ၌ Influenza A H1N1 2009 ဖြစ်ပွားမှုမှာ ၁၇-၇-၂၀၁၇ အထိ လူဦးရေ ၆၀၀ ဦးသေဆုံးခဲ့ပြီး မြန်မာနိုင်ငံ၌လည်း လတ်တလောပြင်းထန်အသက်ရှုလမ်းကြောင်းပိုးဝင်ရောဂါ ဆေးရုံတက်လူနာဦးရေ ၂၄၅ ဦးမှာ Seasonal Influenza A (H1N1) pdm 2009 Positive လူနာ ၇၆ ဦးရှိခဲ့ပြီး ၁၂ ဦး သေဆုံးကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆေးရုံကြီးများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ နယ်စပ်ဝင်/ထွက်ဂိတ်များနှင့် ပြည်သူလူထုအတွင်း တုပ်ကွေးဆန်ရောဂါလက္ခဏာဖြစ်ပွားမှု လတ်တလောအသက်ရှုလမ်းကြောင်းပိုးဝင်ရောဂါလူနာဖြစ်ပွားမှုတို့ကို စောင့်ကြပ်ကြည့်ရှုခြင်း (Survillence)၊ ကျန်းမာရေးအသိပညာပေးခြင်း(Health Education)နှင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးဌာနများသို့ ချိတ်ဆက်နိုင်ရေးတို့ကို ယခင်ကထက် အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်းလည်း သိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် အရှေ့တောင်အာရှရုံးတို့မှလည်း ရောဂါကာကွယ်ရေးဝတ်စုံများ၊ N95 Mask များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ကုသဆေး (TamiFlu) နှင့် ကာကွယ်ဆေးများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော Seasonal Influenza A(H1N1) pdm 2009 ရာသီတုပ်ကွေးရောဂါသည် ကပ်ရောဂါအသွင်သို့ ဖြစ်လာပါက လူသားတို့ရဲ့ကျန်းမာရေး၊ လုံခြုံမှု၊ အသက်များစွာဆုံးရှုံးခြင်း၊ လူမှုစီးပွားဘဝထိခိုက်ခြင်း၊ တိုင်းပြည်ရဲ့စီးပွားရေးဘဝပုံရိပ်များ ထိခိုက်လာမည်ဖြစ်ပါ၍ အချိန်မီပညာပေးတားဆီးမှုကာကွယ်များ ကျယ်ကျယ်ပြန့်ပြန့်အရှိန်အဟုန်မြှင့် လုပ်ဆောင်ရန်လိုအပ်ပါတယ်။ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးပညာပေးမှုများကို တိကျစွာလိုက်နာရန်လိုအပ်ပါတယ်။ ယခင်က အိမ်နီးချင်းနိုင်ငံများတွင်ဖြစ်ပွားခဲ့သော်လည်း မြန်မာနိုင်ငံသို့ကူးစက်ပြန့်ပွားမှုမရှိခဲ့ပါ။ လူထုအတွင်း ကျန်းမာရေးဗဟုသုတအားနည်းခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ စားသောက်မှုနှင့် လူနေမှုစနစ်များအားနည်းခြင်း၊ ပြည့်စုံလုံလောက်သော ကျန်းမာရေးအထောက်

အကူပြုမှုအားနည်းခြင်းတို့ကြောင့် ယခုထက်ကူးစက်ရောဂါပြန့်ပွားမှု ပိုမိုဆိုးရွားလာမည်ဆိုပါက ထိန်းချုပ်ရန် ခက်ခဲနိုင်ပါတယ်။ ထို့ကြောင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရောဂါကာကွယ်သုံးပစ္စည်းများ၊ ဆေးဝါးများ၊ အကူအညီများ အမြန်ဆုံးရရှိရေး၊ လိုအပ်ပါက သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရေးအတွက် အစိုးရအဖွဲ့များ၊ အာဏာပိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်မီဒီယာများ၊ ဆက်သွယ်ရေးနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပြည်သူ့အခြေပြုအဖွဲ့များကပါ ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ ဖြစ်ပါတယ်။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်ရဲ့အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၈ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၃၆၇ တို့တွင် နိုင်ငံတော်အနေဖြင့် ပြည်သူတို့၏ကျန်းမာရေးနှင့် သက်ဆိုင်သောမူဝါဒများ ပြဋ္ဌာန်းထားရှိပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ခ) မှာ သဘာဝဘေးအန္တရာယ်ကို လူ သို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းကြောင့် ကြုံတွေ့ရမှုများကိုလည်း အဓိပ္ပာယ်သတ်မှတ်ထားပါတယ်။ ဒါကြောင့် H1N1 ကူးစက်ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်၍ အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အဆင့်ဆင့်တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ဖွဲ့စည်းဆောင်ရွက်ပြီး ၎င်းဥပဒေမှာ ပါဝင်ပတ်သက်သော ဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့များရဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းအဆင့်ဆင့်ကို လိုက်နာလုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ထို့အပြင် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေမှာ ကြိုတင်ကာကွယ်ခြင်း၊ ကျန်းမာရေးအရာရှိ၊ လုပ်ငန်း

တာဝန်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါဖြစ်ပွားကြောင်း တိုင်ကြားခြင်း၊ အမိကကူးစက်မြန်ရောဂါဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊ အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း၊ ပြစ်ဒဏ်များနှင့် အထွေထွေအခန်းများ ဖော်ပြပါရှိပါတယ်။ ထို့အပြင် ပြည်သူများရဲ့ကျန်းမာရေးကိစ္စအဝဝကို စနစ်တကျနှင့် တိတိကျကျဆောင်ရွက်နိုင်ရန်အလို့ငှာ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာဥပဒေတို့ဟာလည်း အခုအချိန်အထိ အသက်ဝင်ဆဲရှိနေပြီး၊ လိုအပ်ပါက ၎င်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ကျင့်သုံးဆောင်ရွက်ရန် အကြံပြုတင်ပြအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ လက်ရှိဖြစ်ပွားလျက်ရှိသော ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲကျန်းမာရေးဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ H1N1 ရောဂါကာကွယ်ရေးနှင့်ပတ်သက်ပြီး WHO ရဲ့သတ်မှတ်ချက်အရ ကူးစက်မှု Phase ခြောက်ခုရှိတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေးပြီး အကောင်းဆုံးကာကွယ်ထိန်းချုပ်ခြင်းနည်းလမ်းများ ဆောင်ရွက်သင့်ပါကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်ပြီး နယ်စပ်ဖြတ်ကျော်ပြန့်ပွားမှုမရှိအောင် ပူးပေါင်းဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။ ကုသမှုဆေးဝါးများဖြစ်တဲ့ TamiFlu နှင့် Relenza ဆိုတဲ့ဆေးတို့ကိုလည်း နိုင်ငံတော်အနေနဲ့ လုံလောက်စွာ သိုလှောင်ထားရှိသင့်ပြီး လိုတဲ့အချိန် မှာ အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိရမှာဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ကာကွယ်ဆေးများ၊ ကူးစက်ရောဂါကာကွယ်ရေးပစ္စည်းများ၊ Personal Protected Equipment အသုံးပြုရမယ့်အချိန် ရောက်နေပြီဖြစ်ပါတယ်။ လိုအပ်တဲ့အချိန်မှာ ကာကွယ်ဆေး၊ ကူးစက်ရောဂါ၊ ကာကွယ်ရေးပစ္စည်းများ ဝယ်ယူရန်လိုအပ်ပါက နိုင်ငံတော်သမ္မတရဲ့အရေးပေါ်ရန်ပုံငွေမှ အသုံးပြုဝယ်ယူသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများမှ Guideline များ အချိန်မီထုတ်ပြန်ပေးရန်နှင့် ပြန်ကြားရေးဝန်ကြီးဌာနကလည်း အချိန်နှင့်တစ်ပြေးညီ ပညာပေးလုပ်ငန်းများကို ထုတ်လွှင့်ပေးရန် လိုအပ်ပါတယ်။ မည်သည့်ဆေးရုံများတွင် ကူးစက်လူနာများကို မည်သို့ပြုစုကုသပေးမည်ကို လည်း အများပြည်သူသိရှိစေရေး အသိပေးကြေညာသင့်ပါတယ်။ Public Response Measures ဆိုတဲ့ အပိုင်းမှာ မလိုအပ်ဘဲ ခရီးသွားတာတွေကို လျှော့ချခြင်း၊ လိုအပ်လျှင် ကျောင်းများပိတ်ခြင်း၊ လူစုလူဝေးများသော ပွဲလမ်းသဘင်များကို ပိတ်ပင်ခြင်း စသည်တို့ကို ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ကြိုတင်ကာကွယ်ရမယ့်နည်းလမ်းများကတော့ (၁၁)ချက်ရှိပြီး

အချက်အလက်များကို ထုတ်နုတ်တင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရောဂါသံသယရှိသူနှင့် အနည်းဆုံး တစ်မီတာအကွာမှနေနိုင်ရန် လိုအပ်ပြီး အဲဒီ Social Distension များကို ပြည်သူများ အားလုံးသိရှိနားလည်ထားရန် လိုအပ်မှာဖြစ်ပါတယ်။ Respiratory Hygiene အရ ချောင်းဆိုးနှာချေ မိမိအသိဖြင့် ပါးစပ်၊ နှာခေါင်းအုပ်ခြင်း၊ တစ်ရှူးအသုံးပြုခြင်း၊ အသုံးပြုပြီးသော တစ်ရှူးတို့ကို စနစ်တကျစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပြီး သံသယရှိတဲ့ပစ္စည်း ထိတွေ့ပြီးတိုင်း စနစ်တကျ ဆပ်ပြာဖြင့်လက်ဆေးခြင်းတို့ကို တိကျစွာဆောင်ရွက်ဖို့ စည်းရုံးလှုံ့ဆော်သွားရမှာဖြစ်ပါတယ်။ လက်ကို မကြာခဏဆေးခြင်းဟာ အလွန်အရေးကြီးသော ကာကွယ်ခြင်းတစ်မျိုးဖြစ်ပါတယ်။ ဆပ်ပြာအသုံး မပြုနိုင်သောနေရာဖြစ်ပါက အရက်ပြန်စိမ်ထားသော ပစ္စည်းများအသုံးပြုရန်ဖြစ်ပါတယ်။ နှာခေါင်းစည်းတပ်ခြင်းနှင့်ပတ်သက်ပြီး WHO ရဲ့အကြံပြုချက် အရ N95 ဆိုတဲ့ နှာခေါင်းစည်းတွေကို သုံးမှသာ ရောဂါပိုးဖြတ်သန်းဝင်ရောက်ခြင်းကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် လူနာများ နှင့်နေ့စဉ်ကြုံတွေ့ရသော ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးဆိုင်ရာ အရပ်ဘက်လူမှု အဖွဲ့အစည်းဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအကာအကွယ်ပစ္စည်းများကို လုံလောက်စွာ ဖြန့်ဝေပေးရန်နှင့် အခြားလိုအပ်သော ကူညီအားပေးမှုများထောက်ပံ့ပေးရန် လိုအပ်ပါတယ်။

တပ်ဆင်အသုံးပြုပြီးသော ကာကွယ်ပစ္စည်းများကိုလည်း Medical Waste အနေဖြင့် စနစ်တကျစွန့်ပစ်ရန် လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ချက်ကတော့ Vaccine ခေါ်တဲ့ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဖြစ်ပြီး ဆေးလုံလောက်စွာရရှိနိုင်ရေး၊ နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး ကြိုတင်စီမံဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ လိုအပ်ပါက WHO မှ အကူအညီရရှိရေး စီမံဆောင်ရွက် ထားရမှာဖြစ်ပါတယ်။ မကြာခင်ကပဲ အိန္ဒိယနိုင်ငံမှ Vaccine တစ်သိန်း လှူဒါန်းမှာဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် Pandemic အဆင့်အထိ ရောဂါဖြစ်ပွားတဲ့အကြောင်းရင်းများကို သေချာလေ့လာ သုံးသပ်ပြီး သင်ခန်းစာရယူကာ မဖြစ်ပွားစေရေးဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း H1N1 ရောဂါနှင့်ပတ်သက်၍ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှာ ကျန်းမာရေးပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ တိုင်းစစ်ဌာနချုပ်များအလိုက် ဆေးရုံကြီးများမှာ ကူးစက်ရောဂါကုသရေး သီးသန့် လူနာဆောင်များ ပြင်ဆင်ထားခြင်း၊ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုခြင်းစသည့်လုပ်ငန်းများ အသေးစိတ်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှာ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရောဂါကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေးလုပ်ငန်း

များကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ H1N1 ရောဂါအခြေအနေကို လူတိုင်းသိရှိ နားလည်ကာ ကိုယ်စီကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်ပြီး အခြေအနေဆိုးသော ရောဂါ ဆိုးကြီးဖြစ်မလာအောင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ အစီအမံဖြင့် ပြည်သူတစ်ရပ်လုံး ဂရုပြုဆောင်ရွက်သင့်ပါကြောင်း အကြံပြုရင်း အရေးကြီးအဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသွားသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခု အဆိုတင်သွင်းတဲ့ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းနဲ့ အဆိုကိုထောက်ခံသော မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးတို့ရဲ့ ဆွေးနွေးချက်ကို ကျွန်တော့်ရဲ့ အမြင်ရှုထောင့်မှ ကျွန်တော်တင်ပြပါ့မယ်။ ပထမတစ်ချက် ကျွန်တော် ပြောလိုတာကတော့ ယခုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များက ကျန်းမာရေးကိစ္စကို အထူးစိတ်ဝင်တစားလုပ်တာဟာလည်း ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တော်တော်ကောင်းပါတယ်။ ဆိုလိုတာက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ဝန်ထမ်းများအထိတောင် ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆွေးနွေးချက်တွေက တော်တော် လေးကောင်းပါတယ်။ ဥပမာဆိုလို့ရှိရင် ဒီမှာပြောတဲ့ ပထမဦးဆုံး ဒေါက်တာဒေါ်ရွှေပုံတို့၊ ဒေါက်တာ သန်းအောင်စိုးတို့၊ ဒေါက်တာဒေါ်အေဇင်လတ်တို့ ဒေါက်တာလင်းလင်းကျော်တို့၊ ဆရာစံရွှေဝင်းတို့ တင်ပြချက်မှာ အလွန်ကောင်းပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ပထမဦးဆုံး ဒီရောဂါကို ဘယ်မှာစပြီးသိလဲဆိုတော့ ၂၄ ရက်နေ့ မနက် ၆ နာရီမှာ ကျွန်တော်တို့ သတင်းရပါတယ်။ Viber ၊ E-mail ကနေတစ်ဆင့်ရတော့ ကျွန်တော် ချက်ချင်းပဲ အဲဒီနေ့မနက် ၈ နာရီမှာ အစည်းအဝေးချက်ချင်းခေါ်။ ခေါ်ပြီးတော့ Containment Team တစ်ခါတည်းဖွဲ့။ စောင့်ကြပ်၊ ကြည့်ရှု ဘယ်လိုလုပ်မယ်။ အကုန်လုံးတစ်ခါတည်း ကျွန်တော်တို့ လုပ်လိုက်ပါတယ်။ ချက်ချင်းမြန်မြန်ဆန်ဆန် တိတိကျကျဖြစ်အောင်လို့ ကျွန်တော်အဲဒီလိုလုပ်လိုက်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာက ဒီလိုကူးစက်တဲ့ရောဂါ၊ ကူးစက်ရောဂါ အထူးသဖြင့် အသက်ရှုလမ်းကြောင်းက ကူးစက်တဲ့ရောဂါမျိုးကို ထိန်းချုပ်တဲ့နေရာမှာ ကျွန်တော်တို့ ထိရောက်စွာ Spring ပေါ်မှာ လက်နဲ့ဖိတဲ့အခါမှာ အားရှိရှိ ဖိထားဖို့လိုပါတယ်။ ကုသမှု၊ ကာကွယ်မှု တွေလို ဖြုန်းကနဲ လွှတ်လို့မရပါဘူး။ ဖြည်းဖြည်းချင်းလွှတ်ရပါတယ်။ ဖြုန်းကနဲလွှတ်လိုက်ရင် Spring ကပြန်ကန်ပြီးတော့ တော်တော်လေး Chaos ဖြစ်နိုင်ပါတယ်။ အဲဒါကို ကျွန်တော်က သတိထားပြီးတော့ အခုလို စဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့က လုံးဝအားမလျှော့ဘဲနဲ့ သေသေချာချာကို ကျွန်တော်တို့က ဖိပြီးလုပ်နေပါတယ်။

နောက်တစ်ချက်က ဒုတိယတစ်ချက်ကတော့ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေ၊ ဆေးရုံက ဆရာဝန်၊ သူနာပြု၊ အဲဒီဆေးရုံမှာရှိတဲ့ ဝန်ထမ်းတွေ၊ နောက်ဆုံး Ambulance Driver အထိ သူတို့ဟာ သေသေချာချာနေ့မအား၊ ညမအားနဲ့ လုပ်နေတယ်ဆိုတာကိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိစေလိုပါတယ်။ ကျွန်တော် ဒီမှာလည်း သူတို့ကို အထူးကျေးဇူးတင်ဂုဏ်ပြုကြောင်းကိုလည်း ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးများ ရှေ့မှာ ကျွန်တော်မှတ်တမ်းတင်လိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီကိစ္စမှာ ကျွန်တော့်ကို မေးမယ်ဆိုလို့ရှိရင် ဘာသည်အရေးကြီးဆုံးလဲ။ ပြည်သူများ၏ကျန်းမာရေးအသိဉာဏ် Level (Health Literacy Level of Population) က နံပါတ်(၁)ပါ။ သူတို့သည်သာ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပြောသလို ဘယ်လိုကူးတယ်။ ဘယ်လိုကာကွယ်ရမှာ သိလို့ရှိရင် ဒီကပ်ရောဂါမျိုးအတွက် ဒီလိုကိစ္စတွေမှာ အားလုံးတဖြည်းဖြည်းက လျှော့သွားမှာပါ။ အဓိကက ပြည်သူပါပဲ။ အဲဒါကြောင့် ပြည်သူများအတွက်ကိုလည်း ဘယ်လိုလုပ်မယ်။ ဘယ်လိုပုံစံနဲ့လုပ်မယ်ဆိုတာကို နေ့တိုင်းလုပ်တဲ့အခါမှာ ကျွန်တော်တို့လောလောဆယ် ယခုအချိန်အထိဆိုလို့ရှိရင် လုပ်ပေးနေတာ တော်တော်များများ ပါတယ်။ ဒီ Pamphlet က လေးသိန်းကျော်။ Pamphlet ပေါင်းသုံးမျိုးလုပ်ပါတယ်။ ဒီရောဂါ ဘယ်လိုကူးစက်တယ်။ လက္ခဏာဘယ်လိုရှိတယ်။ ဒီစာတွေပေါ့။ အပြင်းစားဆိုရင်

ဘယ်လိုဖြစ်တယ်။ လေးသိန်းကျော်ထုတ်ထားပါတယ်။ ၁၃၉၂ ခု ပညာပေးဆွေးနွေးပွဲလုပ်ပြီးပါပြီ။ ထို့အပြင် ဒီတက်တဲ့လူတွေက အားလုံးသုံးသိန်းခွဲလောက်ရှိပါတယ်။ ပြည်သူတွေ။ နောက် ဒီ့အပြင် Poster Vinyl တွေကလည်း ၄၇၀၀၀ လောက် အကုန်လုပ်နေပါပြီ။ နေရာတိုင်း၊ နေရာတိုင်းမှာ Poster တွေပေးတယ်။ Vinyl တွေကပ်တယ်။ ဆေးရုံတွေမှာလုပ်တယ်။ ပိုကောင်းတာက ဘာလဲဆိုတော့ ဝန်ကြီးချုပ်များကိုယ်တိုင် ရန်ကုန်တိုင်းဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဝန်ကြီးချုပ်၊ Social Minister တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ CBO တွေ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ ကြက်ခြေနီအသင်း၊ MNCDB က အကုန်လုံးဝိုင်းဝန်းလုပ်တယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံအတွက် အလွန်ကောင်းတဲ့လက္ခဏာ။ အထူးသဖြင့်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက်ကို အလွန်ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ကဆက်လက်ပြီးတော့ အားဖြည့်ပြီးလုပ်မှာဖြစ်ပါတယ်။ အဲဒီအချက်ကိုပြောချင်ပါတယ်။

နောက်တစ်ချက်က ဒီလိုဖြစ်တဲ့နေရာမှာ ကျွန်တော်တို့ကို တော်တော်ကူပါတယ်။ နိုင်ငံတကာက အကုန်ကူပါတယ်။ ဆေးကုမ္ပဏီကကူပါတယ်။ ကမ္ဘောဇဘဏ်သိန်း ၅၀၀၊ SML ကုမ္ပဏီ၊ ဥက္ကာသီရိကုမ္ပဏီတို့၊ အိန္ဒိယဆိုရင် သံအမတ်ကြီးနှင့် နှစ်ခါတွေ့ပြီးပါပြီ။ အိန္ဒိယကရောက်တဲ့ဆေးတွေက ဒီနေ့ ၁၂ နာရီ Air India Flight ၁၂ နာရီမှာရောက်မှာပါ။ Vaccine ၈၅၀၀၊ Testic ၅၀၀၀၊ အိုဆတမယ်ဗင်း အလုံး ၅၀၀၀၀၊ Tami Flu Pounder ၁၀၀၀၊ Face Misk။ မနေ့ညကလည်း ကျွန်တော်သံအမတ်ကြီးနဲ့ တွေ့ပါတယ်။ သံအမတ်ကြီးကပြောပါတယ်။ လိုသလောက်ပြောပါ။ ကျွန်တော် အကုန်လှူပါမယ်။ အလားတူစွာပဲ ဒီနေ့မနက်ပဲ တရုတ်သံအမတ်ကြီးက ဖုန်းဆက်ပါတယ်။ ဘာတွေလိုပါသလဲ။ အကုန်ပြောပါ။ ဒါကိုတွေကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေအကုန်လုံး ကျွန်တော်တို့နိုင်ငံကို ကူနေတယ်ဆိုတာ ဒါ တော်တော်အားရစရာကောင်းတဲ့အချက်ပါပဲ။ ကျွန်တော့်အနေနဲ့က ကျွန်တော်တို့က ဒါကိုလုပ်တဲ့အခါမှာ အဓိကက Line of Communication(ဆက်သွယ်မှုနည်းလမ်းစနစ်)၊ Line of Reporting(ဘယ်လိုသတင်းဇယားတွေကိုပို့ရမယ်)။ Synchronize Coordination နံပါတ်(၁)ပါ။ ဒါကိုမလုပ်ရင် ပိုက်ဆံ ၅၀၀၀ ကုန်ရမှာ တစ်သိန်းကုန်သွားမယ်။ ဒါကိုဖြစ်အောင် ကျွန်တော်တို့က နေ့တိုင်း ၈ နာရီခွဲမှာ နေပြည်တော်မှာ ကျွန်တော်ကိုယ်တိုင်ထိုင်ပါတယ်။ ကျွန်တော်မရှိရင် အမြဲတမ်းအတွင်းဝန်ထိုင်ပါတယ်။ အလားတူစွာပဲ ရန်ကုန်မှာ ဆရာဝန်ကြီးတွေနဲ့ အဖွဲ့ကလည်း ထိုင်ပြီးလုပ်နေပါတယ်။ အဲဒီတော့ ဆိုလိုတာက အရမ်းမလုပ်ပါဘူး။ သေသေချာချာ တိတိကျကျလုပ်နေပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ချက်

ပြောလိုတာက ဒီကိစ္စမှာဆိုလို့ရှိရင် ကျွန်တော်တို့က အရမ်းမလုပ်ဘူး။ သေသေချာချာ National Influenza Center (NHL) အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းမှာရှိပါတယ်။ ကျွန်တော်တို့က သေသေချာချာ လစဉ်လည်း Monitor လုပ်နေတာ ၂၀၀၅ ခုနှစ်ကတည်းက ကျွန်တော်တို့ လုပ်နေပါတယ်။ အဲဒီလိုလုပ်တယ်။ H3N2 ၊ H1N1 Period ကိုလည်း သေသေချာချာ Graph တွေနဲ့ကြည့်နေတယ်။ ကြည့်တဲ့အခါမှာ ကျွန်တော်တို့က ဘာသွားတွေ့လဲဆိုတော့ ဒီ H1N1 Period မှာ အကုန်လုံးက ၂၀၁၆ ခုနှစ်မှာ နည်းနည်းလေးပဲရှိပါတယ်။ ကိုးယောက်လောက်ပဲရှိပါတယ်။ အခု ၂၀၁၇ ခုနှစ်မှာ ၁၀၁ ယောက်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့သိပါတယ်။ သိတဲ့အခါမှာ ဆေးရုံ လာတက်တဲ့လူနာတွေ တွေ့လာတဲ့အတွက် ကျွန်တော် ချက်ချင်း ၂၄ ရက်နေ့မှာ ဒါကို သေသေချာချာ လုပ်ပါတယ်။ တစ်ခုချင်းကို Monitoring လုပ်ပါတယ်။ အရမ်းမဟုတ်ပါဘူး။ ကျွန်တော်တို့လူတွေက အကုန်လုပ်နေပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆရာဝန်တွေ၊ အမျိုးသားဓာတ်ခွဲခန်းတွေက ကျွမ်းကျင်မှုဆိုင်ရာရှုထောင့်မှ သေသေချာချာစနစ်တကျလုပ်ပါတယ်။ ဒီလိုခေါင်းထဲမှာရောက်ပြီး ကျွန်တော်တို့ လုပ်တာမဟုတ်ပါဘူး။ အဲဒါတစ်ချက်ပြောချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့အခုဘာတွေလုပ်နေလဲဆိုတော့ တိုင်းဒေသကြီး/ပြည်နယ် အားလုံးမှာရှိတဲ့ ဆေးရုံ ၁၄ ရုံအပြင် ကျန်တဲ့ဆေးရုံတွေမှာရှိတဲ့ ဇူလိုင် First ကနေပြီးတော့ ဇူလိုင်လ နောက်ဆုံးအထိကို နေ့စဉ်ဘယ်လိုတက်နေလဲ။ အဆုတ်ရောဂါနဲ့တက်တဲ့သူကဘယ်လိုရှိလဲ။ ဒီအဆုတ် ရောဂါနဲ့တက်တဲ့သူသည် ဒီလိုတန်းနေလို့ ဒီလိုကျမှသာလျှင် ဒီအခုဖြစ်နေတဲ့ကိစ္စကရပ်မယ်။ အကယ်၍သာ မတော်လို့တက်နေရင်ကြောက်ရတယ်။ အခုလောလောဆယ်ကြည့်တဲ့အခါမှာတော့ မတက်ပါဘူး။ တန်းပြီးတော့ အဲဒီလိုပဲနေပါတယ်။ သိပ်တော့ကြောက်စရာအခြေအနေတော့ မဟုတ်ပါဘူး။ ဆိုလိုတာကတော့ ထိန်းနိုင်ရင်၊ သိမ်းနိုင်ရင် ရတဲ့အခြေအနေမှာရှိပါတယ်။ သို့သော် ကျွန်တော် ဒီနေရာမှာတစ်ခုတင်ပြချင်တာက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာ မာဂရက်ချမ်းကလည်း ၂၀၀၉ ခုနှစ်၊ ကမ္ဘာ့ကျန်းမာရေးညီလာခံမှာလည်း ပြောပါတယ်။ ၂၀၀၉ ခုနှစ်၊ ASEAN Health Minister မှာလည်း ပြောပါတယ်။ ၂၀၀၉ ခုနှစ်ကပြောတုန်းက ကျွန်တော်ရှိပါတယ်။ ဂျီနီဗာမှာ ကျွန်တော်အစည်းအဝေးတက်နေပါတယ်။ ကပ်ရောဂါတစ်ခု။ ဒီလိုကိစ္စမျိုးသည် Unpreditable ဒီလိုသွားနေရင်း ပြုန်းကနဲ ထောင်တက်သွားနိုင်တယ်။ ပြုန်းကနဲလည်း ကျသွားနိုင် တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီကိစ္စမှာ ကျွန်တော်တို့တွေ့နေတဲ့ ကိစ္စတွေက ရာသီဖြစ်တဲ့တုပ်ကွေးဟာ Ice ရေခဲတုံးတွေအပေါ်ကို ကျွန်တော်တို့ကတွေ့တာ။ ရေခဲတုံးတွေအောက်မှာ ကိုးပုံ၊ ဆယ်ပုံရှိတယ်။

ဒီဟာ ဘယ်လောက်ဖြစ်နေလဲဆိုတာ အတိအကျမသိနိုင်ဘူး။ အဲဒါကြောင့် ဒီ Course က ဘယ်လိုသွားမလဲဆိုတာ မသိတဲ့အတွက် လုံးဝအားကိုမလျှော့ဘူး။ ခုကျလာတယ်။ ခုမှသေတာ ၁၂ ယောက်လောက်ပဲရှိသေးတယ်။ ဒီနေ့မနက် တစ်ယောက်တော့သေပါတယ်။ ၁၃ ယောက်ပါ။ အခြေအနေတွေက ဒီလောက်ထိန်းမနိုင်သိမ်းမရတော့မဟုတ်ပါဘူး။ နောက်တစ်ချက်က အခု ဝေဘာဂီဆေးရုံကို အခုအကုန်ပို့ပါတယ်။ နည်းနည်း စတက်ပြီးတော့ Serious မဖြစ်ခင်ပို့လိုက်တယ်။ ဝေဘာဂီဆေးရုံမှာလည်း Respirator နဲ့ အခန်းငါးခန်း Special room ၁၅ ခန်းအပိုရှိပါတယ်။ အကုန်လုံးအဲ့ကိုပို့မယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော် မပြန့်စေချင်ဘူး။ ကျွန်တော်တို့ဆေးရုံကြီး ကနေပြီးတော့ ပြန့်သွားမှာစိုးလို့။ သို့သော်လည်း စဖြစ်ကတည်းက ယခုအချိန်ထိ ဒီဟာကိုကုသပေး တဲ့ဆရာဝန်ကြီးများ၊ သူနာပြုများတစ်ယောက်မှာမှ မဖြစ်ပါဘူးခင်ဗျား။ ဒါကိုတော့ ကျွန်တော်တင်ပြ လိုပါတယ်။ သို့သော်လည်းပဲ မဖြစ်ဘူးဆိုပြီး ကျေနပ်လို့မရဘူး။ တစ်ချိန်ချိန်မှာဖြစ်နိုင်တဲ့အတွက် အကုန်လုံး ဝေဘာဂီဆေးရုံမှာ Specialist, As, Specialist Consultant၊ သူနာပြုတွေအကုန်။ ကျွန်တော်လည်း တစ်နေ့က ဝေဘာဂီဆေးရုံကို ရောက်ခဲ့ပါပြီ။ သေသေချာချာကိုလုပ်ကိုင်နေတယ် ဆိုတာကို ကျွန်တော် အဲဒါကိုတင်ပြချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ နောက်တစ်ချက်က ဘာသွားတွေ့လဲဆိုတော့ အခြားဝန်ကြီးဌာနတွေပါ ပါဝင်လုပ်နေတယ်။ ဒါတော်တော်ကောင်းတဲ့ လက္ခဏာပါ။ အထူးသဖြင့် ပညာရေးဝန်ကြီးဌာန။ ဘာ့ကြောင့်လဲ။ ပညာရေးဝန်ကြီးဌာနမှာက အကုန်လုံးကကျောင်းသားတွေက စုနေတဲ့အခါကျတော့ ဒီနေရာမှာ Outbreak မဖြစ်ဖို့အရေးကြီး ပါတယ်။ နောက်တစ်ချက်က အခုဖြစ်နေတဲ့ဟာတွေသွားကြည့်တဲ့အခါ ရန်ကုန်မှာပိုဖြစ်တယ်။ ဧရာဝတီနဲ့ ပဲခူးမှာရှိပါတယ်။ အဲဒီတော့ ဒီတိုင်းဦးစီးမှူးကိုလည်း သေချာပြောထားပါတယ်။ အကယ်၍ လူနာတစ်ယောက်သည် ဆေးရုံရောက်လာရင် စာရီနဲ့ထိရင် အဲဒီလူနာက ဘယ်မြို့နယ်ကလဲ၊ ဘယ်ရပ်ကွက်လဲ။ ချက်ချင်းသွား။ သူ့အိမ်သားတွေကို ပညာပေး။ သူ့ရပ်ကွက်ကိုပညာပေး။ ကျွန်တော်က Sources ကိုကျွန်တော်ကသွားပြီးလုပ်နေပါတယ်။ ကုသတယ်။ ကုသတာက တစ်ပိုင်းပါ။ ကုသနေရင်း၊ ကုသနေတာက တစ်သက်လုံးကုလည်းမရပါဘူး။ ဖြစ်လာတဲ့လူကိုသွားဖို့ အားလုံးကို အသေးစိတ်ညွှန်ကြားထားပြီးပါပြီ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ N95 Mask တွေဆိုရင်လည်း ၈၀၀၀၀ ကျော်အကုန်ဖြန့်ပြီးပါပြီ။ နောက် PPE(Personal Protecting Equipment)တွေ၊ Ice Sheet, Surgical Mask တွေအကုန်လုံးပါ။ စနစ်နဲ့အတိအကျ Distribution List နဲ့လုပ်တယ်။ လုပ်တဲ့အခါမှာ အရမ်းမလုပ်ပါဘူး။ Criteria သုံးခု ကျွန်တော်အဲဒီလိုလုပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ကြည့်တဲ့

အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းကျော်မိုးနဲ့ ဦးသိန်းထွန်းတို့ကိုတင်ပြချင်တာက သေနှုန်း မြင့်တယ်ဆိုတာနှစ်မျိုးရှိပါတယ်။ ဒီနေရာမှာ မြင့်နေတယ် ဆိုတာက Case Fatality Rate လို့ခေါ်ပါ တယ်။ နောက်တစ်ခုသေဆုံးနှုန်းက Mortality Rate ပါ။ Case Fatality Rate ကဘာလို့များလဲ ဆိုတော့ Serious ဖြစ်တဲ့လူနာမှာ ဘယ်လောက်သေလဲဆိုတော့ CFR ကများမယ်။ အဲဒါကြောင့် နည်းနည်းများနေတာ။ ဒါတောင်မှ အခုက Denominator ကများများလာတဲ့အခါကျတော့ ကျလာပါပြီ။ ဒီနေ့ဆိုရင် ၄.၅ ထိ ကျသွားပါပြီ။ လူ ၁၀၀ က အရမ်း အပြင်းဖျားဖြစ်မယ်ဆိုရင် လေးယောက်ခွဲ၊ ငါးယောက်ပဲသေမှာပါ။ ဒီလို သေတယ်ဆိုတာကလည်း ဘာပေါ်မူတည်လဲဆိုတော့ လူနာရဲ့ရောက်ရှိချိန်မှာမူတည်တယ်။ လူနာနောက်ကျမှရောက်လို့ရှိရင် သေဖို့ Chance များပါတယ်။

ကျွန်တော် ပြည်သူကအရေးကြီးတယ်။ ပြည်သူကို ကျွန်တော်ကပညာပေးရမယ်။ ဖြစ်ပြီထင် တာနဲ့ နည်းနည်းလေးအသက်ရှူကြပ်တယ်။ အသက်ရှူမဝဘူးဆိုရင် ချက်ချင်းသွားရမှာပါ။ အဲဒါဆိုရင် ကျွန်တော်တို့က Line of treatment မှာ အရမ်းမြန်ပါတယ်။ ဒီနေရာမှာတစ်ခုရှိတယ်။ လူတွေက ကြောက် နေတယ်။ စစ်ချင်တယ်။ H1N1။ H1N1 ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီ seriously ဖြစ်တဲ့ လက္ခဏာ တက်လာပြီဆိုလို့ရှိရင် Line of treatment ပေါ့လေ။ ကုသပုံကုသနည်းက လုံးဝအတူတူ ပါပဲ။ H1N1 ကို ဘာကြောင့်စမ်းရသလဲဆိုလို့ရှိရင် H1N1ရှိမှန်းသိရင် ကျွန်တော်တို့ ပြည်သူ့ ကျန်းမာရေးအတွက်က အလွန်အရေးကြီးပါတယ်။ ဖြစ်တဲ့လူရဲ့အိမ်၊ ရပ်ကွက်တွေကိုရောသွားပြီးတော့ ပညာပေးမှုတွေ အကုန်လုပ်ပါမယ်။ သို့မှသာလျှင် နောက်ထပ်အသစ်သစ်သော Case များဖြစ်လာမှာ မဟုတ်နိုင်ပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ နောက်တစ်ခါ အခုတင်ပြချင်တာက ကျွန်တော်တို့ Sea Game သွားမယ့်လူတွေကိုလည်း ကျွန်တော်တို့ထိုးနေပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်တော် တင်ပြချင်တာကတော့ ဤကိစ္စတွေအားလုံးဟာ ယခင်ကတည်းကနေ ကျွန်တော်တို့ လုပ်ထားလိုပါ တယ်။ တောက်လျှောက် National Influenza Center အကုန်ကြည့်ရှုနေတယ်။ ဒါတွေအကုန်လုပ် နေတယ်။ အခုလည်း အားလုံးလုပ်နေတယ်။ ကျွန်တော်တို့ကလည်း ကျေနပ်တယ်။ ဆက်လက်ပြီး လုပ်ဖို့လည်း ဘာတွေလုပ်ရမလဲဆိုတာ သိတဲ့အတွက် ကျွန်တော့်အနေနဲ့ လေးစားစွာပဲ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီအဆိုကိုတော့ မှတ်တမ်းတင်သင့်ကြောင်း ကျွန်တော်တင်ပြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဆုံးကျေးဇူးတင်ရမည့် အပိုင်းကတော့ ဒီအရေးကြီးအဆိုကို ကျွန်တော်တို့ သတ်မှတ်ရက်အတွင်းမှာ ကျွန်တော်အမြန်ဆုံးအရေးကြီးအဆိုကို တင်ပြီးတော့ ဥက္ကဋ္ဌကြီး က ခွင့်ပြုပေးတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးကို ဦးစွာကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ အဲဒီ အရေးကြီးအဆိုအား လွန်ခဲ့တဲ့သောကြာနေ့ ၂၈ ရက်နေ့မှာ ဆွေးနွေးပြီးတဲ့အခါမှာလည်း လွှတ်တော် ကိုယ်စားလှယ်များအားလုံးက ကန့်ကွက်သူမရှိ ဒီအဆိုကို ဆက်လက်ဆွေးနွေးဖို့ ထောက်ခံပေးလိုက် တဲ့အတွက်ကြောင့် ဒီကနေ့ကျွန်တော်တို့ ပညာရှင်များအပါအဝင် ဆွေးနွေးချက်တွေကို ကျွန်တော်တို့ ပြည်သူတွေတိုက်ရိုက်တွေ့ရှိနေခြင်းဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးချက်ထဲမှာကြည့်မယ်ဆိုလို့ရှိရင်လည်း ဆရာဝန်ခြောက်ဦး၊ တပ်မတော်သားနှစ်ဦးနှင့် ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များစုစုပေါင်း ၁၂ ဦး ဆွေးနွေးတဲ့အခါမှာ အဆိုကို ထောက်ခံဆွေးနွေးတဲ့သူကတော့ ခုနစ်ဦးတွေ့ရှိပြီးတော့ ကျွန်တော်တို့ မှတ်တမ်းတင်ပေးပါရန်ဆိုတာ နှစ်ဦးတွေ့ရှိပြီးတော့ အကြံပြုဆွေးနွေးတာဟာ သုံးဦးဖြစ်ပါတယ်။ အားလုံး ၁၂ ဦးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆွေးနွေးခဲ့တုန်းကတော့ တကယ်တမ်း ကျွန်တော်တို့ လတ်တလောပြင်းထန်အသက်ရှူပိုးဝင်ရောဂါ ၅၀ ဦးရှိပြီးတော့ H1N1 က ၃၀ ဦးဖြစ်ပြီး တော့ ဒီနေ့မှာတော့ ငါးရက်အတွင်းမှာ ၇၆ ဦးလောက် တွေ့ရှိရပါတယ်။ အဲဒီ ၅၀ ဦးကနေပြီးတော့ ၂၄၆ ဦးအထိ ဒီနေ့ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ တွေ့ရှိပြီးတော့ ဒါ ၁၂ ဦး သေဆုံးကြောင်းကို မနေ့ကသတင်းများအရ ကျွန်တော်တို့သိရှိရပါတယ်။ အခု ဝန်ကြီးဆွေးနွေးတဲ့ အပိုင်းမှာလည်း ကျွန်တော်တို့ ဒီကနေ့ တစ်ဦးပါဆိုလို့ရှိရင်တော့ ၁၃ ဦးရှိကြောင်း သိရှိရပါတယ်။ အဲဒီ တော့ Percentage တွက်ထားတာကတော့ ကျွန်တော်တို့ရဲ့ လတ်တလောပြင်းထန်အသက်ရှူ လမ်းကြောင်းပိုးဝင်ရောဂါ ၂၄၅ အပေါ်မှာ ဆုံးရှုံးမှုဟာ၊ သေဆုံးမှုဟာ ၁၂ ဦးဆိုတဲ့အတွက်ကြောင့် ၄.၈ ရာခိုင်နှုန်းနဲ့ ဒါတွက်ပြထားခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ H1N1 တစ်ကယ်ရောဂါဖြစ်ပြီးတဲ့ ၇၆ ဦးအပေါ်မှာ တွက်မယ်ဆိုရင်တော့ ဒါသေဆုံးသူဟာ ၁၅.၈ ရာခိုင်နှုန်းဆိုတဲ့ အနေအထားလေးတွေကို လည်း တွေ့ရှိရပါတယ်။ အနီးပတ်ဝန်းကျင်မှာရှိတဲ့ အိန္ဒိယမှာကတော့ ၆၀၀ ဦးလောက်သေသော် လည်းပဲ သူ့ရဲ့တကယ့် H1N1 ဟာ ၁၂၄၆၀ ဦးဖြစ်တဲ့အတွက်ကြောင့် ၄.၈၁ ရာခိုင်နှုန်းဆိုတာ ဒါ ကျွန်တော်တို့နဲ့ နှိုင်းယှဉ်ပြီးတော့ ကြည့်ရင်ရရှိပါတယ်။ အဲဒီတော့ ဝန်ကြီးကိုယ်တိုင်ကလည်း ဒီအဆို နှင့်ပတ်သက်ပြီးတော့ မှတ်တမ်းတင်ပါလို့ ပြောပါတယ်။ ကျွန်တော့်အနေနဲ့စတင်ရည်ရွယ်ချက် ကတည်းက အဆိုသည် အတည်ပြုခြင်း၊ မပြုခြင်းဟာ ကျွန်တော့်ရဲ့ ရည်ရွယ်ခြင်းမဟုတ်ပါဘူး။ ဒါကို

ကျွန်တော်တို့ ပြည်သူများရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ပိုင်းကလည်း ဒီလို H1N1 ရောဂါ ဆိုးကြီးကို လွှတ်တော်ထဲကလည်း လွှတ်တော်တာဝန်အနေနဲ့ လွှတ်တော်ကြီးတစ်ခုလုံးကနေပြီးတော့ ဒါကိုအရေးကြီးအဆိုတစ်ရပ်အနေနဲ့ ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်တဲ့အနေအထားဖြစ်ပါတယ်။ ဝန်ကြီး ဌာနရဲ့ဆောင်ရွက်ချက်တွေကလည်း တကယ်ကို မြင့်မြင့်မားမားနဲ့ သတင်းကြေညာချက်တွေရော၊ လုပ်ဆောင်ချက်တွေရော၊ မြို့နယ်တိုင်းမှာ တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့်လုပ်နေတဲ့အတွက်ကြောင့် ပြည်သူအများကလည်း ဒါကိုသိရှိပြီးဖြစ်တဲ့အတွက်ကြောင့် Mask တွေဆိုလို့ရှိရင် တော်တော်များများ တပ်ကြတယ်။ တော်တော်များများ ဝယ်ကြတယ်။ နောက်ဆုံး ၅ဝ တန်၊ ၁ဝဝ တန်ကနေ ၅ဝဝ တန် လောက်ထိဖြစ်သွားတယ်။ N95 ဆိုလို့ရှိရင် ၅ဝဝ တန်ကနေပြီးတော့ ၂ဝဝဝ လောက် ဖြစ်သွားတယ်။ ကာကွယ်ဆေးဆိုလို့ရှိရင်လည်း ၁၂ဝဝဝဝ လောက်ထိုးနေရတဲ့အတွက် တော်တော်ကိုပေါ့ မနည်းကို အလုအယက်နဲ့ကို ထိုးနေရတဲ့အနေအထားတွေဖြစ်တဲ့အတွက်ကြောင့် ပြည်သူများသည်လည်းပဲ တကယ့်ကိုအသိတရားတွေကို တော်တော်ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပြီးတော့မှ ဒါတိုင်းပြည်ရဲ့ ဆိုးကျိုး၊ ကောင်းကျိုးကြည့်မယ်ဆိုရင် အင်မတန်မှကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ လွှတ်တော်ပိုင်းကလည်း ကျွန်တော်တို့ ဝိုင်းဝန်းပြီးတော့ ပညာရှင်တွေ ဆွေးနွေးကြတယ်။ အသိပညာတွေပေးနေကြတယ်။ အစိုးရပိုင်းကလည်း ထက်ထက်မြက်မြက်နဲ့ဆောင်ရွက်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ ဒါ မနေ့ကထက်ဒီနေ့ထိဆိုရင် မနေ့ကထိဆိုရင်တော့ ၁၂ ယောက်က ၁၂ ယောက်ပဲ ထိန်းချုပ်ထားတယ်။ ဒီနေ့ကတော့ ဒါတစ်ယောက်တိုးလာတဲ့ သဘောရှိပါတယ်။ အဲဒီတော့ ကျွန်တော့်ရဲ့အဆိုအနေနဲ့ ကတော့ အဆိုရှင်တိုင်းကတော့ မိမိတင်တဲ့အဆိုကို အတည်ပြုစေချင်တာ အဆိုရှင်တိုင်းရဲ့ဆန္ဒ ဖြစ်ပါ တယ်။ အဲဒီတော့ ဝန်ကြီးအနေနဲ့ကလည်း ဒီအဆိုနှင့်ပတ်သက်ပြီးတော့ မှတ်တမ်းတင်ပေးပါ။ ဒီဘက် ကလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကလည်း မှတ်တမ်းတင်ပေးပါ။ ကျန်တဲ့ ခုနစ်ဦးကလည်း ထောက်ခံ ဆွေးနွေးတယ်။ အကြံပြုဆွေးနွေးတာက သုံးဦးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ကတော့ အတည်ပြုစေချင်ပါတယ်။ အတည်ပြုစေချင်တာကိုလည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆုံး အဖြတ်ကိုပဲ ခံယူပါ့မယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ရည်ရွယ်ချက်သည် ပြည်သူအများစုအတွက် ဒီရောဂါ ကတ်ဆိုးကြီးကို ကျန်းမာရေးအသိတွေရရှိပြီးတော့ ဒါကိုမိမိကိုယ်မိမိကာကွယ်စောင့်ရှောက်ခြင်းဖြင့် ဒီရောဂါကတ်ဆိုးကြီးမှ ထိန်းချုပ်နိုင်ပြီးတော့ အများပြည်သူအတွက်၊ ကျန်းမာရေးအတွက် ဆောင်ရွက် ပေးခြင်းဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းတဲ့အရေးကြီးအဆိုကို ကိုယ်စားလှယ်များကဆွေးနွေးပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အရေးကြီးအဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ဒီအရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြုတဲ့ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်အပေါ် မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့ အတည်ပြုပေးရန် တင်ပြချက်ကအတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့ မှတ်တမ်းတင်ရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၄၆ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၃၁ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးသိန်းထွန်း တင်သွင်းတဲ့အရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၅၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီရှင်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့
# (၂.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဦးဇမ်းလှ
(နန်းယွန်း မဲဆန္ဒနယ်)



ဦးနိုင်နိုင်ဝင်း
(တမူး မဲဆန္ဒနယ်)



ဒေါက်တာမောင်သင်း
(မိတ္ထီလာ မဲဆန္ဒနယ်)



ဦးခွန်သန်းထူး
(ဆီဆိုင် မဲဆန္ဒနယ်)



ဒေါ်ခင်နှင်းသစ်
(ပန်းတောင်း မဲဆန္ဒနယ်)



ဦးဝင်းမင်း
(လှိုင်သာယာ မဲဆန္ဒနယ်)



ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး)
နယ်စပ်ရေးရာဝန်ကြီးဌာန



ဦးအောင်ထူး (ဒုတိယဝန်ကြီး)
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန



ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး)
ပညာရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်